အရှင်အဋ္ဌကထာဆရာ (အာလုပ်)ဆရာသည် (ကတ္တား) ဥဇ္ဈာယန္တိ-ဟူသောပုဒ်ကို မိန့်ဆိုအပ်၏။ (ဥပနာ)၊ ဤသို့မိန့်ဆိုသည်ရှိသော် (ဝါ) ဤသို့မိန့်ဆိုရာ၌ ဆရာသည်။ ဥဒ္ဓတ-ဥန္နတ-ဥန္နလ စသော ပုဒ်တို့ကဲ့သို့ ဥဂ္ဂတတ္ထကိုဟောသော ပုဒ်မျိုးလော။ (အဝဇ္ဈာယန္တိ ၌ အဝ နှင့် အဝဇာနန္တာပုဒ်တို့ကို မျှော်၍လျှဉ်းပါးသည်)

ဈာယန္တိ ၌ ဈေ-ဓာတ်သည် "ကိလေသေ ဈာပေတီတိ ဈာနံ" ပုဒ်၌ ဒဟနတ္ထကိုဟောသော ပုဒ်ဖြစ်ပါသလော။ ထို ဈေ-ဓာတ်သည် အကမ္မက-ဓာတ် ဖြစ်ပါသလော။ (ကံနှင့် ဈာယန္တိ-ဩလော ကေန္တိ ပုဒ်တို့ကိုမျှော်၍ လျှဉ်းပါး။ (အာဘော်)

အဘယ်ပုဒ်၌ အဘယ်ခေတ်ဖြစ်၍ အဘယ်အနက်ကိုဟောကြပါသနည်း။ (ပုစ္ဆာ) ဤသို့မေးဘွယ်ရှိ၍ အဝဇ္ဇာယန္တိ အဝဇာနန္တာတံ ဧျာယန္တိ ဩလောကေန္တိ–ဟူသော ပါဠ်ကိုမိန့်။ ။၃-မှတ်။

**အဓိပ္ပါယ်ကား**။ ။ဥဇ္ဈာယန္တိ၌ ဥ-သည် ဥဒ္ဓတ-စသော ပုဒ်တို့၌ ဥဂ္ဂတတ္ထကိုဟောသကဲ့သို့မဟုတ်၊ ၃–မှတ်။ အဝ)၏ ကာရိယဩ၏ ဝိပရိတ်(ဥ)တည်း။ ထို(ဥ)သည် အဝဇာနနအနက်ကို ဟောသည်တည်း။ ဈေ–ခေတ်သည် ကိလေသေ ဈာပေတီတိဈာနံ ပုဒ်၌ ဒယှနတ္ထကို ဟောသကဲ့သို့မဟုတ် ဩလောကနတ္ထကို ဟောသည်ဟူလို။

(ခ) ဝါကျအတက်။

အဌကထာဆရာ ဆရာသည် ဥဇ္ဈာယန္တိ-ဟုဆို၏။ ။၁-မှတ်။

ဥ–သဒ္ဒါသည် အဘယ်ပုဒ်ဖြစ်ပါသနည်း။ ။၁-မှတ်။

ပကတိဥပသာရပုဒ်ဖြစ်ပါသလော။ သို့မဟုတ် တစုံတခုသော ဥပသာရပုဒ်၏ ဥ-ဖြစ်လေသလော။ ။၂-မှတ်။

ဟု မေးဘွယ် ရှိသောကြောင့် အဝဇ္ဈာယန္တိ-ဟူသော (ခ)ဝါကျကိုမိန့်။

**အဓိပ္ပါယ်က း**။ ။ဥဇ္ဈာယန္တိ၌ ဥ-သဒ္ဒါသည် ပကတိ ဥပသာရပုဒ်မဟုတ်။ အဝ-သဒ္ဒါ၏ ကာရိယဩ၏ ဝိပရိတ် ဥ-ဟူလို။ ။၁-မှတ်။

(ဂ) ဝါကျအတက်။

အရှင်အဌကထာဆရာ ဆရာသည် အဝဇ္ဈာယန္တိ-ဟု ဖွင့်ဆိုတော်မူ၏။ ။၁-မှတ်။

အဝ-သဒ္ဒါသည် အဘယ်အနက်ကိုဟောပါသနည်း။ စျေ-ခါတ်သည် အဘယ်အနက်ကို ဟောပါသနည်း။ ၎င်း စျေ-ခါတ်သည် သကမ္မက- အကမ္မက တို့တွင် အဘယ်ခါတ်မျိုး ဖြစ်ပါသနည်း။ ။၁-မှတ်။

အဝ-သဒ္ဒါသည် လာမက စသော အနက်ကို ဟောပါသလော၊ စျေ-ခါတ်သည် အကမ္မက-ခါတ် ဖြစ်ပါသလော။ ။၂-မှတ်။
ဟု မေးဘွယ်ရှိ၍ အဝဇျာနုဋ္ဌာ စသော (၈) ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား။** ။အဝ-သဒ္ဒါသည် အဝဇာနနအနက်။ ဓျေ-ခါတ်သည် ဩလောကန အနက်။ ၎င်း စျေ-ခါတ်သည် သကမ္မက-ခါတ် ဖြစ်၏ဟူလို။ ။၁-မှတ်။

**မှတ်ချက်။** ဤသို့ (ခ) ဝါကျနှင့် (ဂ) ဝါကျတို့ကိုခွဲ၍ အသီးသီး တက်ခဲ့သော်၎င်း၊အထက်ပါအတိုင်း(ခ)ဝါကျနှင့် (ဂ) ဝါကျတို့ကို တပေါင်းတည်း တက်ခဲ့သော် ၎င်း အမှတ်အပြည့်ပေးပါ။

**ရှင်းလင်းချက်။** ။၂-နံပါတ်တွင် အတက်၊အထွက်-ဟူ၍ နှစ်မျိုး ရှိ၏။ အတက်ကိုမေးလျှင် အတက်ကိုသာဖြေဆို၍၊ အထွက်ကို မေးလျှင်လည်း အထွက်ကိုသာ ဖြေဆိုရန်ဖြစ်သည်။ နှစ်မျိုးလုံးတွင်ပင် အနုသန္ဓိ၊ စောဒနာ၊ ပုစ္ဆာ၊ အဘိယာစကအားဖြင့် လေးမျိုးလုံး ပါဝင်၏။

ဝါကျပါ ပဓာနကြိယာကို အရကောက်၍မပြဘဲ စကားဆက် စပ်ခြင်းမျိုးကို အတက်ဟုခေါ်၏။

ပဓာနကြိယာ၏ အရကောက်ပြီးမှ စကား ဆက်စပ်ခြင်းကို အထွက်ဟုခေါ်၏။ ပုစ္ဆာ တက်,ထွက်နှင့် စောဒနာ တက်,ထွက်တို့

သည် တူသယောင်ယောင် ရှိသော်လည်း ပုစ္ဆာ တက်ထွက်ရာ၌ ဒေါသတင်၍မတက်ရပေ။ စောဒနာတက်ထွက်ရာ၌ကား ဒေါသ တင်၍ တက်ရသည်။

အာလုပ်၊ ကတ္တား၊ ဥပနာ၊ ပုစ္ဆာ၊ အာဘော် ဤငါးချက်ဖြင့် တက်ထွက်သော် ပုစ္ဆာတက်ဖြစ်၏။

အာလုပ်၊ ကတ္တား၊ ဥပနာ၊ အာဘော်၊ ဒေါသ၊ စောဒနာ ဤ ခြောက်ချက်ဖြင့် တက်ထွက်သော် စောဒနာတက်ထွက် ဖြစ်၏။

အဘိယာစက တက်ထွက်ရာ၌ အာလုပ်၊ ကတ္တား၊ ဥပနာ၊ ပုစ္ဆာ၊ အာဘော်၊ အဘိယာစက ဤခြောက်ချက်ဖြင့် တက်ထွက် ရ၏။

**ဆောင်။ ။ ၏-ဥပနာ။ နည်း-ပုစ္ဆာ။ လောမှာ- အာဘော ဂ။**

၂-နံပါတ် အတက်၊ အထွက်ကိုဖြေဆိုရာ၌ ဖေါ်ပြပါ ဝါကျ များသည် ဓာတ်ကိုဖေါ်ပြသလား၊ အဓိပ္ပါယ်ကို ဖေါ်ပြသလား၊ မည်သည့်အရာကိုဖေါ်ပြလို၍ ဤဝါကျများကိုဆိုသည်ကို သေချာ စွာ ကြည့်ရှုပြီးမှ တက်ထွက်ခြင်းကိုပြုလုပ်လျှင် အဖြေမှန်နှင့် အနီး ကပ်ဆုံးဖြစ်သည်။

× × ×

၃။ (က-ခ-ဂ-ဃ) ဝါကျတို့ကို အချင်းချင်း ထောက်၍ အကြောင်းပြပြီး အမည်ပေးပါ။

၃။ အဖြေ။ ။(က) ဝါကျသည် (ခ-ဂ-ဃ) ဝါကျတို့ကို ထောက်လျှင်မပေါ်လွင်ငုတ်သောကြောင့် သခေပ ဝါကျ။ ၂-မှတ်။

(ခ-ဂ-ဃ) ဝါကျတို့သည် (က)ဝါကျထောက်လျှင် (က) ဝါကျကို ပေါ်လွင်ထင်ရှားအောင် အကျယ်ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ။ ။ ၂-မှတ်။

(ဂ) ဝါကျသည် (ခ) ဝါကျ၏ (အဝ)၏ ဥကာရိယမှတပါး (အဝ)၏ ဥကာရိယ အဝဇာနနတ္တနှင့် ဈေ-ခေတ်၏ ဩလောက နတ္တကိုပြသောကြောင့် ပက္ခန္တရ။ ။၁-မှတ်။

(ဂ) ဝါကျသည် (ခ) ဝါကျကို ဆက်၍ ပြသောကြောင့် ဥပန္ယာသ ဝါကျလည်းဖြစ်သည်။

(ဂ) ဝါကျကို ထောက်လျှင် (ခ) ဝါကျသည် ပက္ခန္တရ။ ၁-မှတ်။

၎င်းကိုဥပန္ယာတဗ္ဗ ဝါကျဟုလည်း ခေါ်နိုင်၏။

(ဃ) ဝါကျသည် (ဂ) ဝါကျ၌ ပြအပ်သော အဝဇာနနတ္တနှင့် ဩလောကနတ္တမှတပါး (အဝ)၏ ဥကာရိယ လာမကတ္တနှင့် ဈေ-ခေတ်၏စိန္တနတ္တကိုပြသောကြောင့် ပက္ခန္တရ ဝါကျ။ ။၂-မှတ်။

ထို(ဃ)ဝါကျကိုထောက်လျှင် (ဂ) ဝါကျသည် ပက္ခဝါကျ။ ၂-မှတ်။

**မှတ်ချက်**။ ၂-မှတ် ပေးထားသော ဝါကျများ၌အကြောင်းပြချက် မပါဘဲ ဝါကျမှန်လျှင် ၁-မှတ်ပေးပါ။

**ရှင်းလင်းချက်**။ ။ဖော်ပြထားသော ဝါကျများကို အချင်းချင်း ထောက်ဆ၍ တဝါကျနှင့် တဝါကျ ဆက်စပ်နေပုံကို စစ်ဆေးပြီး (သခေ်ပ-ဝိတ္ထာရ)။ (ကာရဏ-ဖလ) (ပက္ခ-ပက္ခန္တရ)။ (ဒဠှီ-ဒဠှီကရဏ)။ (ဥပန္ယာသ—ဥပန္ယာတဗ္ဗ) ဖြစ်သင့်သည့်အမည်များကို ပေးပါ၊ အကြောင်းပြပါဟုဆိုလျှင်လည်း ဖြစ်နိုင်သောအကြောင်းကို ဖော်ပြပါ။

× × ×

၄။ (က) မှတ်ပါ မနုဿာကို ကိတဝိဂ္ဂဟပြု၍ ဉာသ်နည်းအရ ကောက်ပြပါ။

၄။ အဖြေ။

အတ္တာနုတ္တံ မနုန္တိ ဇာနန္တီတိ မနုဿာ။
ကာရဏာကာရဏံ မနန္တိ ဇာနန္တီတိ မနုဿာ။

တခုခုမှန်လျှင် -၄-မှတ်။

မန-ဓာတ်၊ ဥဿ-ပစ္စည်း၊ ကတ္တုသာဓန၊ ကိတ်ဝိဂ္ဂိုဟ်။

မန-ဓာတ်၏အရ ကတ္ထတ္တ ကြိယာကား (အကျိုးရှိ—မရှိကို)။ (အကြောင်းဟုတ်—မဟုတ်ကို) သိသော ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချအားဖြင့်ရ၏။ ။၂-မှတ်။

ရှေ့ရှေ့၌ဖြစ်သော စိတ္တုပ္ပါဒ်သည် ဖလူပစာ အားဖြင့် ရ၏။ ၁-မှတ်။

နောက်နောက်ဖြစ်သော စိတ္တုပ္ပါဒ်သည် ကာရဏူပစာအားဖြင့် ရ၏။ ။၁-မှတ်။

ဥဿပစ္စည်း၏အရကား ထိုမုချ ဖလူ ကာရဏူပစာတို့ဖြင့် မှတ်အပ်သည့် သိတတ်သော လူဟူ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သော သတ္တသဏ္ဌာန ပညတ်ဒြဗ် ဝိသေသ ရ၏။ ။၂-မှတ်။

**ရှင်းလင်းချက်**။ ။ဉာသ်နည်းအရကောက်ပါဆိုလျှင် မေးထားသော ပုဒ်ပစ္စည်းတို့ကိုသိအောင် ရှေဦးစွာကြံစည်ပါ။ သမာသ် တဒ္ဓိတ်၊ ကိတ် ဝိဂ္ဂဟ တခုခုပြုရပေမည်။ လွန်စွာကျယ်လွန်း၍အထူး အလေးထား လေ့လာသင့်ပေသည်။

ဉာသ်ကောက်ရာ၌ သမာသ်နှင့်တဒ္ဓိတ်ကို ပုဒ်စစ်တွင် သေချာစွာ လေ့လာပါ။ ဤကျမ်းကား ကျဉ်းလွန်း၍ မရေးတော့ပြီ။ ကိတ် ဉာသ်ကောက်တွင် ကတ္တုတ္ထ ကမ္မတ္ထ စသော ကြိယာ၏အရကို ပရမတ္ထ စိတ္တုပ္ပါဒ်ကို မုချကောက်။ ရှေ့ရှေ့စိတ်အစဉ်ကို ဖလူပစာ အားဖြင့်

ကောက်။ ပစ္စည်း၏အရကို မူချ-ဖလူ-ကာရကတို့ဖြင့် မှတ်အပ်သော သဏ္ဍာန ပညတ်ဒြပ်ကိုကောက်။

× × ×

၅၊ ပရိသတိသည် မည်သည့် လိင်, ဝိဘတ်, ဓာတ်, ပစ္စည်း, ကာရကတို့ပါနည်း။

၅။ **အဖြေ**။

ပရိသတိသည် (ဣတ္ထိလိင်)။ (သတ္တမီ သို့ ဝိဘတ်)။

ပရိရှေ့ရှိသော သီ-ဓာတ်။ အ-ပစ္စည်း။

ပရိရှေ့ရှိသော သဒ-ဓာတ်။ ဏွ-ပစ္စည်းလည်းဟူ။

ဩကာသ ကာရကဖြစ်သည်။ ၂-မှတ်စီ ပေါင်း ၁၀-မှတ်။

**ရှင်းလင်းချက်**။ လိင်ဟူရာ၌။ ဣတ္ထိလိင်၊ ပုံလိင်၊ နပုံလိင်၊ ဒွိလိင်၊ တိလိင်၊ အလိင်တို့ ပါဝင်၏။

ဝိဘတ်ဟူရာ၌။ သိ-စသော နာမ် ဝိဘတ်နှင့် တိ-စသော အာချာတ် ဝိဘတ်များ ပါဝင်၏။

ပစ္စည်းဟူရာ၌။ အ-ဏ-အာ-ဤ စသော တဒ္ဓိတ်ပစ္စည်း၊ ကိတ်ပစ္စည်းများ အာ-ဤ-ဣနီ စသော ဣတ္ထိလိင် ပစ္စည်းများလည်း ပါဝင်၏။

ကာရကဟူရာ၌။ ကတ္တုကာရက ခြောက်ပါးနှင့် အကာရကတို့ ပါဝင်၏။

လိင်္ဂတ္ထ၊ ဝိဘတျတ္ထ၊ ပစ္စယတ္ထ ကြိယာတို့ ကိုလည်း မေးနိုင်သည်။

လိင်္ဂတ္ထ=သကတ်-စသော အနက်ငါးပါး။

ဝိဘတျတ္ထ=သိ- တိ-စသော ဝိဘတ်တို့၏ ကတ္တတ္ထ၊ ကမ္မတ္ထ စသော အနက်များ။

ပစ္စယတ္ထ=ဏ-စသော တဒ္ဓိတ်ပစ္စည်း တို့၏ အ ပစ္စ-စသော အနက်။ တ-စသော ကိတ်ပစ္စည်းတို့၏ ကတ္တား-စသော အနက်များ။ အာ, ဏ-စသော ဓာတုကပစ္စည်းတို့၏ ဓာတွတ္ထဖြစ်သော အနက်များ။

ကြိယာ=ဂစ္ဆတိ၊ ပစတိ-စသော ဝါစက သဒ္ဒါများ။

× × ×

၆။ (ခ-ဂ) ဝါကျတို့ကို ထောက်၍ သံဝဏ္ဏေတဗ္ဗ ပုဒ်ကို အဋ္ဌကထာဆရာ၏ အာဘောဂနှင့် သံဝဏ္ဏနာကိုဘော်ပြပါ။

၆။ **အဖြေ**။ ။အဝဓာရဏယန္တိဖြင့် ဥဇ္ဈာယန္တိ၌ (ဥ)သည်(အဝ) ၏ကာရိယဖြစ်၍ ဝိပရိတ်(ဥ)တည်းဟု သိစေပါ သည်။ ။၁-မှတ်။

ဤ-ဖြင့် ဥပသဂ္ဂ လိင်္ဂပဒ သံဝဏ္ဏနာ။ ။၁-မှတ်။

အဝဇာနန္တာဖြင့် အဝ၏ ကာရိယဖြစ်၍ ဝိပရိတ်ဥသည် အဝ ဇာနနတ္ထကိုဟောသည်ဟု သိစေပါသည်။ ။၁-မှတ်။

ဤ-ဖြင့် ဥပသဂ္ဂ လိင်္ဂတ္ထ သံဝဏ္ဏနာ။ ။၁-မှတ်။

တံ-ဖြင့် ဥဇ္ဈာယန္တိ၌ ဈေ-ဓာတ်သည် သကမ္မက-ဓာတ်တည်းဟု သိစေပါသည်။ ။၁-မှတ်။

ဤ-ဖြင့် ဘာဝတ္ထ သံဝဏ္ဏနာ။ ။၁-မှတ်။

ဈာယန္တိ ဩလောကေန္တိဖြင့် ဈာယန္တိ၌ ဈေ-ဓာတ်သည် ဩလောကနတ္ထကို ဟောသည်ဟု သိစေပါသည်။ ။၂-မှတ်။

ဤ-ဖြင့် ဓာတွတ္ထ သံဝဏ္ဏနာ။ ။၂-မှတ်။

**ရှင်းလင်းချက်**။ ။အာဘောဂ-ဟူသည် ကျမ်းဆရာ(အဋ္ဌကထာ ဆရာ)၏ နှလုံးသွင်းပင်ဖြစ်သည်။ အသင့်နှလုံးသွင်းသော အနုယာ ဘောဂနှင့်၊ဆန့်ကျင်ဘက် နှလုံးသွင်းသော ဗျတိရေကာ ဘောဂ အားဖြင့် နှစ်မျိုးရှိ၏။

မေးခွန်းတွင် ဝါကျတခုနှင့်တခုသည် အသင်အားဖြင့် တည်ရှိနေသလား၊ ဆန့်ကျင်ဘက်အားဖြင့် တည်ရှိနေသလား ဆိုသည်ကို ရှေ့နောက်နှိုင်းယှဉ်၍ အာဘောဂကို တင်ပြရသည်။

သံဝဏ္ဏနာ-ဟူသည် အာဘော် ဖော်ပြထားသည့် အပေါ်တွင် ပဒသံဝဏ္ဏနာ(ပုဒ်ကိုဖွင့်ပြခြင်း)။ အတ္ထသံဝဏ္ဏနာ(အနက်ကို ဖွင့်ပြခြင်း)။ လိင်္ဂတ္ထသံဝဏ္ဏနာ(လိင်၏အနက်ကို ဖွင့်ပြခြင်း) စသည်ဖြင့် ပုဒ်စစ်တွင်ကြည့်ပါ။ ယွ၊ (ခ-ဂ) ဝါကျတို့၏ သံဝဏ္ဏနာ ဖော်ပုံကို လည်း အလေးထား လေ့လာပါ။

× × ×

၇။ ပရိယောနဒ္ဓါယာတိ တေန အဝိဇ္ဇဏ္ဍကောသေန သမန္တတော ဩနဒ္ဓါယ ဝေဌိတာယ၌ ဩနဒ္ဓါယ-ဟူ၍၎င်း၊ ဩနဒ္ဓာယ ဟူ၍၎င်း ရှိရာ သင့်ရာပါဌ်ကို သဒ္ဒယုတ္တိပြ၍ ဆုံးဖြတ်ပါ။

၇။ **အဖြေ**။ ။အဝနယုတိ ဗန္ဓတိတိ ဩနဒ္ဓါ-ဟု ဝိဂ္ဂဟ ပြု၍ အဝ ရှေ့ရှိသော နဟ-ဓာတ်။ ဗန္ဓနတ္ထ ဖြစ်ရကား။ ။၅-မှတ်။

ဩနဒ္ဓါယ-ဟူသော ပါဌ်သာ သင့်ပါသည်။ ။၅-မှတ်။

**ရှင်းလင်းချက်**။ ။မေးခွန်း(၇)နံပါတ်အတွက် အထူးညွှန်ပြရန် မလိုသော်လည်း သဒ္ဒယုတ္တိပြ၍ ဆုံးဖြတ်ပါ-ဟု မေးလျှင်သော်၎င်း၊ အတ္ထယုတ္တိပြ၍ ဆုံးဖြတ်ပါ-ဟု မေးလျှင်သော်၎င်း မေးထားသော သဒ္ဒါပုဒ်၏ ဓာတ်-ပစ္စည်းတို့ကို၎င်း၊ ဓာတ်၏ ကတ္တတ္ထ-စသော အနက်တို့ကို၎င်း အဖြစ်နိုင်ဆုံး ဖော်ပြပြီး ဆုံးဖြတ်ရမည်။ သဒ္ဒယုတ္တိ အရာတွင် ဝိဂ္ဂဟပြု၍ သင့်နိုင်သောပုဒ်ကို သင့်ကြောင်းကို ဖော်ပြပါ။ တခါတရံ နှစ်ပုဒ်လုံးပင် သင့်ကြောင်းလည်းရှိသည်။

(အထူးသဖြင့် စာကြည့်များရန် လိုအပ်ပါသည်)။

ဂ။ ဝဿံဝုတ္ထာတိ ပုရိမိကာယ ဥပဂတာ မဟာပဝါရဏာယ ပဝါရိတာ ပါဋိပဒဒိဝသတော ပဋ္ဌာယ ဝုတ္ထဝဿာတိ ဝုစ္စန္တိ ဧဝံ ဝဿံဝုတ္ထာဟုတွာ-ဝယ်၊ ဝဿံဝုတ္ထာ-၌ မဟာပဝါရဏာယ ပဝါရိတာပုဒ်ကိုထောက်၍ ဖြစ်သင့်သောနည်း, ဥပစာရ,တို့၏အမည်ကို ပြခဲ့ပါ။

ဂ။ **အဖြေ**။ ။ကေဒေသူပစာဖြစ်ပါသည်။ ။၅-မှတ်။

အဝယဝူပစာ-ဟုရေးလျှင်လည်း အမှတ်ပေးပါ။

နိဒဿန ဥပလက္ခဏာနည်းဖြစ်ပါသည်။ ။၅-မှတ်။

(ပစာနနည်း အကျယ်တင်တင် မတင်တင် အမှတ်ပြည့်ပေးပါ)။

**ရှင်းလင်းချက်**။ ။(ဂ) နံပါတ် အဖြေအတွက်မူ ပုဒ်စစ်ကျမ်းတွင် ပါရှိသည်တို့ကို သဘောပေါက် နားလည်အောင် လေ့လာပါ။

ဥပစာ ဆိုသည်မှာ တခုခုကို တခုခုအပေါ်တွင် တင်စားထားခြင်းဖြစ်၍ မေးထားသော ပုဒ်-ပဒသည် အကြောင်းကို အကျိုးတွင် တင်စားထားသလား၊ အကျိုးကို အကြောင်းတွင် တင်စားထားသလား။ အနီးနှင့်အဝေး။ တည်ရာနှင့် တည်တတ်သော ဝတ္ထုလား။ အစိတ်နှင့်အပေါင်းလား-ဟု သေချာစွာစစ်ဆေးပြီးမှ အဖြေကိုပေးပါ။ ဥပစာ(၉)ပါးနှင့် နည်း(၄၀)ထဲမှ အသုံးများသည့် နည်း ဥပစာများကို ပိုင်အောင်လုပ်ထားပါ။

ဆောင်ပုဒ်-

**နာနန္တရိက၊ ကာရဏ၊ ဌာန ဥပစာ။**
**ဂုဏာဖလူ၊ ဌာနျူ၊ နည်းမူအဝိနာ။**
**ကေဒေသျူ၊ သမိပူ၊ သဒိသူမှာ၊ ရှဋ္ဌိသာ။**
**ဥ,ပ,နိ,ဒဿ၊ ယင် သုံးရပ်၊ မှတ်အပ် ကေဒေသူပစာ။**
**အဘေဒမူ၊ ဥက္ကဋ္ဌယူ၊ တဒ္ဓမ္မူမှာ ရှဋ္ဌိသာ။**

၉။ အောက်ပါစကားပြေကို စုဏ္ဏိယ ဝါကျ သိကုံးခဲ့ပါ။

မှန်ပါ၏။ ဝါသိုကပ်သော ရဟန်းသည် နာလကာ အကျင့်ကို ကျင့်သော်လည်း ငါးပါးကုန်သော အမိုးတို့တွင် တမျိုးမျိုးသော အမိုးဖြင့် မိုးသည်သာဖြစ်သော တံခါးဖွဲ့ရှိသော ကျောင်းမှာ ကပ်အပ်၏။

၉။ **အဖြေ။**

ဝဿံ ဥပဂစ္ဆန္တေန ဟိ နာလကာပဋိပဒံ ပဋိပန္နေနာပိ ပဉ္စန္နံ ဆဒနာနံ အညတရေန ဆန္နေ ယေဝ သဒွါရဗန္ဓေ သေနာသနေ ဥပဂန္တဗ္ဗံ။ ။၁၀-မှတ်။

**ရှင်းလင်းချက်။** ။(၉)နံပါတ်တွင် အဋ္ဌကထာလာ အကြောင်းအရာကို စုဏ္ဏိယဗန္ဓဖြင့် ရေးသားစေခြင်း။ အဋ္ဌကထာလာ ပါဠိမြန်မာပြန်ကို မာဂဓပါဠိ စုဏ္ဏိယဗန္ဓ စီကုံးစေခြင်းများဖြစ်၍ လွယ်ကူသည်တော့ မဟုတ်ပေ။ အဋ္ဌကထာ လာတိုင်းလည်း ဖြစ်နိုင်ဖို့ရာ ခက်ခဲ၏။ မိမိ စုဏ္ဏိယပါဠိ စီကုံးသောအခါ ဝိသေသန-ဝိသေသျ။ လိင်-ဝုစ်-ကာရန်။ အာချာတ်အရာမယောဂတို့ကို မမှားစေရန် အထူးဂရုပြု၍စီးကုံးပါ။

× × ×

၁၀။ မနုဿာပုဒ်ကို နေတ္တိနည်းအရ ဒေသနာဟာရထုတ်ပြပါ။

**၁၀။** အဖြေ။ ၁။ မနုဿာ၏အရ လောကီ လောကုတ္တရာ ခန္ဓာငါးပါး တို့တွင် လောကီ ခန္ဓာငါးပါးသည် ဒုက္ခသစ္စာ။ ၁-မှတ်။

၂။ ထိုဒုက္ခသစ္စာကား အကျိုးတရားတည်း။ အကျိုး၏လည်း အကြောင်းနှင့် မကင်းရာသောကြောင့် အကျိုးကို ယူသဖြင့် အကြောင်းဖြစ်သော သမုဒယသစ္စာကို ယူအပ်၏။ ၁-မှတ်။

၃။ ထိုနှစ်ပါးတို့တွင် ဒုက္ခ သစ္စာကား ပရိညေယျတည်း။ သမုဒယ သစ္စာကား ပဟာတဗ္ဗတည်း။ ထိုပရိညေယျ ပဟာတဗ္ဗ နှစ်ပါးတို့၏လည်း ပရိဇာနန ပဟာယကနှင့် မကင်းရာသောကြောင့် ပရိညေယျ ပဟာတဗ္ဗကိုယူသဖြင့် ပရိဇာနန ပဟာယက ဖြစ်သော မဂ္ဂသစ္စာကို ယူအပ်၏။ ။၁-မှတ်။

၄။ ထိုမဂ္ဂသစ္စာကား အာရမ္မဏိကတည်း။ ထိုအာရမ္မဏိက သည်လည်း အာရုံနှင့်မကင်းရာသောကြောင့် အာရမ္မဏိကကို ယူသဖြင့် အာရုံဖြစ်သော နိဗ္ဗာန်ကိုလည်းယူအပ်၏။ ဤသို့ သစ္စာ လေးပါး ဖြစ်သတည်း။ ။၁-မှတ်။

၅။ ထို လေးပါးတို့တွင် သမုဒယသစ္စာသည် အဿာဒမည်၏။ ၁-မှတ်။

၆။ ဒုက္ခသစ္စာသည် အာဒီနဝ မည်၏။ ၁-မှတ်။

၇။ မဂ္ဂ နိရောဓသစ္စာနှစ်ပါးသည်နိဿရဏမည်၏။ ။၁-မှတ်။

၈။ ဖလန္တိ ဒေသနာဖလံ ကိံ ပန တန္တိ-၏ ဒေသနာယ နိပ္ဖါဒိယတိ ဟူသော နေတ္တိ အဋ္ဌကထာနှင့်အညီ မနုဿာဟူသောပါဠိဖြင့် ပြီးစေအပ်သော (အကြောင်းအကျိုးကို သိတတ်သော) လူကို လူဟုသိသော သုတန္တ ပုဂ္ဂိုလ်တို့၏ သိရသော အကျိုးသည် ဖလ မည်၏။ ။၁-မှတ်။

၉။ ယာစ ပုဗ္ဗဝုတ္တဖလာ ဓိဂမဿာ ယာယပဋိပတ္တိ-ဟူသော နေတ္တိအဋ္ဌကထာနှင့် အညီ ဆိုအပ်ခဲ့ပြီးသောဖလကို ရခြင်း၏။ (ဝါ) ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ယောနိသော မနသိယာရ စသည် သည် ဥပါယသမည်၏။ ။၁-မှတ်။

၁၀။ မိမိ၏ ဟိတ သူခကို တောင့်တ လိုလား ကြကုန်သော အမျိုးသားတို့သည် အကြောင်းကို သိလေဟု တိုက်တွန်းသော အစီအရင်သည် အာဏတ္တိ မည်၏။ ။၁-မှတ်။

ရှင်းလင်းချက်- နေတ္တိဟာရ (၁၆)ပါး

ဆောင်ပုဒ်-

**ဒေသနာ-ဝိစယော ယုတ္တိ၊ ပဒဋ္ဌာနာ စ လက္ခဏော၊**
**စတု ဗျူဟော စ အာဝတ္တော၊ ဝိဘတ္တိ ပရိဝတ္တနော။**
**ဝေဝစနော စ ပညတ္တိ၊ ဩတရဏော စ သောဓနော။**
**အဓိဋ္ဌာနော ပရိက္ခာရော သမာရောပနော သောဠသ။**

နေတ္တိဟာရထုတ်ရာ၌ မေးထားသောပုဒ်ကို ခန္ဓာငါးပါးအထင် ရအောင်ဖွဲ့ပါ။

ထို ခန္ဓာငါးပါးကို သစ္စာလေးပါး တွင် သွင်း၍ ထို သစ္စာလေးပါးတွင်—

သမုဒယသစ္စာသည် အဿာဒ၊
ဒုက္ခသစ္စာသည် အာဒီနဝ၊
မဂ္ဂ နိရောဓသည် နိဿရဏ၊
သုဏန္တပုဂ္ဂိုလ်တို့၏ သိရသောအကျိုးသည် ဖလ၊
ထိုဖလကို ရကြောင်း ယောနိသောမနသိကာရသည် ဥပါယသ တိုက်တွန်းသော အစီအရင်သည် အာဏတ္တိ၊

ဤသို့ အစီအစဉ်အတိုင်းခွဲလျှင် ဤပုစ္ဆာ၏အဖြေကို အနီးစပ်ဆုံး ရရှိမည်ဖြစ်သည်။

## သီလက္ခန် မေးခွန်း (၂)

(က) ဂစ္ဆန္တော ဝါတိ ဧတ္ထ ကာမံ တိဿ ဣရိယာပထေသု ဖြာပမ္ဗော အာစရိယဖြာပမ္ဗောန သန္ဓိံ သလ္လပိတုံ မရဟတိ။

(ခ) အယံ ပန မာဏဝေါ မာနထဒ္ဓတာယ ကထာသလ္လာပံ ကရောန္တော စင်္ကာရောပိ ဣရိယာပထေ ယောဇေသာ မိတိ သယာနေဝ ါ ဟိ ဘောဂေ ါတမ သယာနေ နာတိ အာဟ။

(သီ-ဋ္ဌ-၂၂၆)။

၂။ (ခ) ဝါကျ၌ ပဓာနကြိယာနှင့်စပ်သည့် ပုဒ်တို့ကို သဒ္ဒါနည်းအရ ထွက်ပြပါ။

၂။ အဖြေ။ ။(ခ)ဝါကျမှ ပဓာန ကြိယာကား၊ (အာဟ) ဟူသည်တည်း။

**အဓိပ္ပါယ်ကား**-အာဟ ကြိယာတည်း။

အရှင်အဋ္ဌကထာဆရာ(အာဟ)ဟူသော ကြိယာကို ဆိုတော်မူ၏။ ကြိယာ-ဟူသည် ကတ္တားနှင့်ကင်း၍ မဖြစ်နိုင်သည် မဟုတ်ပါလော။ ထိုကြိယာ၏ကတ္တားကား အဘယ်ပါနည်း။ ဤသို့ မေးဘွယ် ရှိ၍ အယံမာဏဝေါ-ဟူသော ကတ္တားကိုမိန့်။

**အဓိပ္ပါယ်ကား**-အာဟ ကြိယာ၏ ကတ္တားကား အယံမာဏဝေါ-ဟူလို။ ။၄-မှတ်။

## ကတ္တားနှင့်ကြိယာ စပ်ခြင်းပြ

အရှင်အဋ္ဌကထာဆရာ အာဟကြိယာ၏ကတ္တားကား အယံမာဏဝေါ-ဟုမိန့်ဆိုတော်မူ၏။ ထိုအာဟကြိယာသည် ကမ္မာပက္ခကြိယာ

ဖြစ်သည်မဟုတ်ပါလော၊ ထိုကြိယာ၏ကံကား အဘယ်ပါနည်း။
ဤသို့မေးဘွယ်ရှိ၍ သယနေ့ဝါတိ ဘောဂေါတမ သယာနေနာတိ ဟူသော ကံကိုမိန့်။

**အဓိပ္ပါယ်ကား**-ထို ကမ္မာပက္ခ အာဟ ကြိယာ၏ ကံကား ဘောဂေါတမ(ပ)နာတိ-ဟူလို။

## ကံနှင့်ကြိယာစပ်ခြင်းကိုပြ

အာကာရအဖြစ်ဖြင့် တက်လျှင်လည်း အမှတ်ပေးပါ။ ။၄-မှတ်။

အရှင်အဌ ကထာဆရာ အာဟ-ဟူသော ကြိယာ ဝိသေသျကို ဆိုတော်မူ၏။ ၎င်းကြိယာ၏ ဝိသေသနကား အဘယ်ပါနည်း၊ ကြိယာဝိသေသန မရှိဟု မှတ်ရပါမည်လော-ဟု မေးဘွယ်ရှိ၍ (ဣတိ)ကိုမိန့်။

**အဓိပ္ပါယ်ကား**—အာဟ၏ ကြိယာ ဝိသေသနကား (ဣတိ) ဟူလို။ ။၂-မှတ်။

(ဣတိကို ကြိယာဝိသေသနကြံ၍ထွက်သည်။ နိဒဿန၊ ဟိတ်အနက်ကြံ၍ ပေးလျှင်လည်း အမှတ်ပေးပါ)။

× × ×

၃။ (က-ခ)ဝါကျတို့ကို ဖြစ်သင့်သမျှ စောဒကာ ဘောဂါဒိ စတုက္က မြန်မာဘာသာဖြင့် ထုတ်ပြပါ။

၃ ။ **အဖြေ**။

၁။ ဣရိယာပုထ်သုံးပါးတို့၌ တပည့်ပုဏ္ဏားသည် ဆရာပုဏ္ဏားနှင့် အတူ စကားပြောရန်သင့်သည်မဟုတ်ပါလော။ ။စောဒနာဘောဂ-၃-မှတ်။

၂။ သယာနေ့ဝါ ဟိ ဘောဂေါတမ သယာနေန-ဟူ၍၊ ဝါ-ဟူသောစကားကို မဆိုသင့်။ ။စောဒနာ-၂-မှတ်။

၃။ လုလင်သည် မာန်ထန်ရကား စကားပြောသော် ဣရိယာပုထ် လေးပါးလုံးကို ယှဉ်စေအံ့ဟု နှလုံးသွင်း သောကြောင့်။ ပရိဟာရဘောဂ-၃-မှတ်။

၄။ သယာနေ၁ဝါ ဟိ(လ)နေနှ-ဟူ၍၊ ဝါ-ဟူသော စကားကို ဆို၏။ ။ပရိဟာရ-၂-မှတ်။

, **ရှင်းလင်းချက်။** ။(၃) နံပါတ်တွင် စောဒကာ ဘောဂါဒိ ဆိုသည်မှာ—

၁။ စောဒနာဘောဂ-စောဒနာသူ၏ နှလုံးသွင်းမှု။

၎င်း စောဒနာဘောဂ ဝါကျဟူသည် ကိဋ္ဌာပိ, ယဒိပိ, ကာမဥ္စ, သတိပိ, သန္တေသုပိ-စသည်တို့ ပါရှိသော ဝါကျများ။ အရုစိ (မနှစ်သက်)မှုကို ထွန်းပြတတ်သော တထာပိ, ပန, စ, ပိ, အထ အစရှိသော ဝါကျများတည်း။ ထိုကိဋ္ဌာပိ နေရာတွင် ကိဋ္ဌာပိကို ဖြုတ်၍ "နနု"ကိုထည့်၍ အဓိပ္ပါယ်ယူလျှင် စောဒနာဘောဂ ဖြစ်၏။

ဆောင်ပုဒ်–

**ကိဋ္ဌာပိငုံ၊ ပါဌ်တိုင်ရုံ၊ တင်တုံစောဒက အာဘောဂ။**

၂။ **စောဒနာ။** ။စောဒနာမှု-ဟူသည် ကျမ်းဆရာ အပေါ်၌ အပြစ်တင်ပြခြင်းပင်ဖြစ်၏။ ပါဠိဘာသာတွင် အထ, ကသ္မာ, ကိံ-သဒ္ဒါတို့ကို ထည့်၍သော်၎င်း၊ ပဋိသေဓ"န"မပါလျှင် "န"ထည့်၍ သော်၎င်း၊ "န"ပါလျှင် "န"ကို ဖြုတ်ထား၍သော်၎င်း ကျမ်းဆရာကို စောဒနာ(မေး)ခြင်းသည် စောဒနာ မည်၏။

ဆောင်ပုဒ် -

မနှစ်သက်ရာ၊ ဌပနာမှု၊ နနုနောက်မှာ၊ အထ,ကသ္မာ၊
ကိန္တိပြာ၊ လျော်စွာမေးနေကြ။

၃။ **ပရိဟာရာဘောဂ။** ။ဖြေကြားမည့် ကျမ်းဆရာ၏ နှလုံးသွင်းပင်တည်း။

ကိုဥ္ဇာပိ ဝါကျအဆုံးတွင် ပန, တထာပိ-စသည်ဖြင့် ပြသော ပါဌ်များဖြစ်သည်။

ပန, တထာပိ-တို့ မပါရှိလျှင် ထည့်၍ယောဇနာရသည်။

ဆောင်ပုဒ်-

> **ပန စပ်ရာ ပုဒ်တို့မှာ၊ ကျမ်းဆရာ၏ အဖြေလည်းရ အာဘောဂ်ပြ၏။**

၄။ **ပရိဟာရ။** ။ဖြေကြားသူ(ကျမ်းဆရာ)၏ အဖြေ စကားချပ်တည်း။

အထ, ကသ္မာ, ကိံ-သဒ္ဒါတို့ဖြင့်မေးထားလျှင် တသ္မာ ထည့်၍ အဖြေ(ပရိဟာရ)လုပ်ရသည်။ "န"ထည့်၍မေးထားလျှင် "န"ကို ဖြုတ်။ "န"ကိုဖြုတ်၍ စောဒနာလုပ်ထားလျှင်"န"ကိုထည့်၍ ပရိဟာရ(အဖြေ)လုပ်ရသည်။

× × ×

၄။ မာနထဒ္ဓတာယ-၌ မာနထဒ္ဓကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်း ဝစနတ္ထကိုသာ ဝစနာဒိဆက္က ကောက်ပြပါ။

၄။ အဖြေ။

က။ မညနံ မာနော။ ။ခ။ မညတီတိ ဝါ မာနော။ (အစိတ်)
ထမ္ဘတီတိ ထဒ္ဓေါ။ (အစိတ်)

က။ မာနေန ထဒ္ဓေါ မာနထဒ္ဓေါ။ (အပေါင်း)

ခ။ မာနော ထဒ္ဓေါ ဧတဿာတိ မာနထဒ္ဓေါ။ (အပေါင်း)
အစိတ် တခုခုမှန်လျှင်-၁-မှတ်။အပေါင်း တခုခုမှန်လျှင်-၂-မှတ်။

**ဝစနာဒိဆက္က ထုတ်ပုံ-**

၁။ မာနထဒ္ဓေါ(နိပ္ဖန္န)ပုဒ်သည် ဝစန။ ။၁-မှတ်။
၂။ မာနေနထဒ္ဓေါ(ဝါကျ)ပုဒ်သည် ဝစနတ္ထ။ ။၁-မှတ်။
၃။ ဝါကျ၏ ဆိုလိုရင်းအနက် (ထောင်လွှားခြင်း) ဝစနဟောတု။ ။၁-မှတ်။
၄၊ ဣတိ-သဒ္ဒါသည် ဝစနတ္ထဇောတက။ ။၁-မှတ်။
၅။ မာနဖြင့် ထန်သောဒြဗ်။(ဝါကျတွင် ပါဝင်သူ)၏ဒြဗ်သည် ဝစနီယ။ ။၁-မှတ်။
၆။ ဥန္နတထဒ္ဓ, မညနထဒ္ဓ (ပရိယာယ်တူ သဒ္ဒါ) များသည် ဝစနီယတ္ထ။ ။၁-မှတ်။

**ရှင်းလင်းချက်။**

ဝိဂ္ဂဟနှင့် ဝစနာဒိဆက္ကကိုမေးရာ၌-
ဝိဂ္ဂဟတွင်-သမာသ်၊ တဒ္ဓိတ် ကိတ် ဝိဂ္ဂဟ တခုခုပြုရမည်။
မေးထားသောပုဒ်သည် မည်သည့်ဝိဂ္ဂဟပြုရမည်ကို ပုဒ်၊ ဓာတ်၊ ပစ္စည်းတို့ကို အတတ်နိုင်ဆုံးသိအောင် ကြံစည်ပါ။

**ဝစနာဒိဆက္က-**

နိပ္ဖန္နကို ဝစန ဆိုလော။ ဝိဂ္ဂြိုဟ် ဝါကျ ဝစနတ္ထ တည်း။
ထိုမှဟောတု၊ မှတ်ရှုသကတ်။ နိပါတ်ဣတိ ဇောတကသိလေ။
ဒြဗ်တွေကို၊ မှတ်လေ ဝစနီယ။ ဝေဝစနကို၊ ဝစနီယတ္ထ ဆိုသည်။ ဝိဂ္ဂြိုဟ်တွေတိုင်း ခွဲနည်းတည်း။

၅။ (ခ) ဝါကျ၌ ဟိတ်၏ သမ္ဗန်ကိုထားပြ၍ ယင်းသမ္ဗန်ကို စပ်သင့်ရာမှာ စပ်ပြပါ။

၅။ အဖြေ။

(ခ) ဝါကျ၌ ဟိတ်၏သမ္ဗန်ကား ဣမဿ မာဏဝဿ ဖြစ်သည်။ ၄-မှတ်။

စပ်ဟန်ကား။ ဣမဿ မာဏဝဿ-ကား ၏-ဟူ၍ အနက်ပေးသောကြောင့် မာနထဒ္ဓါယ-၌ သမ္ဗန်။ မာနထဒ္ဓါယ-ကား ထိုသမ္ဗန်၏ သမ္ဗန္ဓီ။ ။၆-မှတ်။

**တနည်း။** ဣမဿ မာဏဝဿ-ကို သည်ပေးလျှင် မာနထဒ္ဓ-၌ တုလျတ်၊လိင်္ဂတ်၊ဝါစ္စ၊ဝါစက။ သတ္တိမန္တ-သတ္တိ စပ်လျှင်-၃-မှတ်။

ဣမဿ မာဏဝဿ-ကို ၏-ပေးပြီး တာ-၌ သမ္ဗန် သမ္ဗန္ဓီ စပ်လျှင်လည်း-၃-မှတ်။

**ရှင်းလင်းချက်။** ။၁။ ဟိတ်၏သမ္ဗန်ထားနည်း။

၂။ တ္တ, တာ၊ သမ္ဗန်တို့၏ ကံ၊ ကတ္တား၊ သမ္ဗန် အနက်သုံးမျိုး ဖြစ်ရာ၌ စာစပ်နည်း။

၃။ ဘာဝသမ္ဗန်ပုဒ်၌ ရှုထိုက်သော ကိတ်၊ တဒ္ဓိတ် ပစ္စယတ္တကို ၎င်း။ သမာသ် ဝစ္စတ္ထ၊ အဘိဓေယျတ္ထကို၎င်း မေးပေမည်။

ဖြေဆိုရာ၌- ၁။ ဟိတ်ဆိုက်သော ကြိယာ၏ ကံ-ကတ္တားကို ဟိတ်၏သမ္ဗန် ခံရ၏။

၂။ တ္တ,တာ သမ္ဗန်နှစ်ခုကို ကံ သို့မဟုတ် ကတ္တား အနက်ပေး လျှင် ဘာဝရှေ့ပုဒ် ဘာဝယုတ် (ဘာဝနှင့် ယှဉ်သောပုဒ်)တွင် အန္တတ္ထ-၌ စပ်ရ၏။

"၏"ဟုအနက်ပေးလျှင် ဗာဟျတ္ထ-၌ စပ်ရ၏။

ပုဒ်ကို အန္တတ္ထ ခေါ်၏။ တ္တ,တာ ပစ္စည်းကို ဗာဟျတ္ထ ခေါ်၏။

၃။ တ္တ,တာ သမ္ဗန်တို့ကို ကတ္တားအနက်ပေးလျှင် ဘာဝ သမ္ဗန် ပုဒ်၌ရှိသော ပစ္စည်း၏ အနက်သည် ကတ္တား အနက်ကို ဟော၏။ တဒ္ဓိတ်ပုဒ်ဖြစ်အံ့၊ ယေဘုယျအားဖြင့် အဿတ္ထိ အနက်ကို ဟော၏။ သမာသ်ပုဒ်ဖြစ်အံ့၊ အညပုဒ် အနက်ကိုဟော၏။

တ္တ,တာ သမ္ဗန်ကို ကံအနက်ပြန်လျှင် ဘာဝသမ္ဗန်ပုဒ်၌ ရှိသော ပစ္စည်း၏အနက်သည် ကံ အနက်ကိုသာ ဟော၏ဟုမှတ်။

၇။ ဝိဓောတိ ကာဓော-၌ကာဇပုဒ် နိရုတ္တိနည်းဖြင့် ပြီးနေဟန် ကို ပြခဲ့ပါ။

၇။ အဖြေ။

ကစတိ ဘာရံ ဗန္ဓတိ ဓေ့ာတိ ကာဓော-ဟူ၍ ဝိဂ္ဂဟပြု၍ ကစ ဓာတ်၊ ဏ-ပစ္စည်း၊ ကစ၌(က)ကို ကာ-ပြု၍ (စ)ကို ဇ-ပြုပြီးလျှင် (ကာဇ)ဟု ဝဏ္ဏဝိကာရနည်းဖြင့် ပြီးပါသည်။ (အဘိဓာန် ဋီကာ)။

ကုစ္ဆိတာကာရေန ဇာယတီတိ ကာဓော-ဟူ၍ ဝိဂ္ဂဟ ပြုသော် ကုသဒ္ဒူပပဒ ဇန-ဓာတ်၊ ဏ္ဍ-ပစ္စည်း။ ကု-ကို ကာ-ပြု၊ ဓာတွန်

နနှင့် ဏွု-ပစ္စည်းကိုချေ။ (ကာဇ)ဟု ဝဏ္ဏဝိကာရ, ဝဏ္ဏနာသနည်း, ဝဏ္ဏလောပနည်းတို့ဖြင့် ပြီးသည်။ (ဋီကာနည်း)။

တနည်းနည်းမှန်လျှင်- ၁၀-မှတ်။

ရှင်းလင်းချက်။

| | |
|---|---|
| အက္ခရာလာ၍ ရုပ်ပြီးခြင်း | ဝဏ္ဏာဂမ နည်း၊ |
| အက္ခရာ ရွှေနောက်ပြန်ခြင်း | ဝဏ္ဏပရိယာယ နည်း၊ |
| အက္ခရာ ဖေါက်ပြန်ခြင်း | ဝဏ္ဏဝိကာရ နည်း၊ |
| အက္ခရာကို ချေခြင်း | ဝဏ္ဏလောပ နည်း၊ |
| အနက်လွန်နှင့် ယှဉ်ခြင်း | အတ္ထာတိသယ နည်း |

ဟု ၅ နည်းရှိသည်။

အနက်လွန်ဆိုသည်မှာ သဒ္ဒါဓာတ်တခုသည် မိမိ ဟောမြဲအနက်မှ တပါးသောအနက်ကို ဟောခြင်းဖြစ်၏။

အထက်ပါနည်းတခုခုဖြင့် ရုပ်ပြီးခြင်းသည် နိရုတ္တိနည်း မည်၏။ ဝိပလ္လာသအားဖြင့်လည်း ရုပ်ပြီးနိုင်၏။ လိင်္ဂ, ဝိဘတ္တိ, ဝစန, ကာလ, ပုရိသ, အက္ခရာ ဝိပလ္လာသ အားဖြင့် ခြောက်မျိုးရှိ၏။ အကျယ်ကို ပုဒ်စစ်တွင်ရှုပါ။

---

ဂ။ ဓမ္မစက္ကုဉ္ဒပါဒ်-၌ ဓမ္မစက္ခု-အရ ပြ၍ ယင်းဓမ္မစက္ခု ဖြစ်ပုံ အခြင်းအရာကိုလည်း ပြခဲ့ပါ။

ဂ။ အဖြေ။

ခမ္မစက္ကူ အရ သောတာပတ္တိမဂ်ဖြစ်ပါသည်။ ။၅-မှတ်။

ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓ ဓမ္မံ-သည် ယင်းစက္ကူဖြစ်ပုံ အခြင်းအရာဖြစ်သည်။ အမှတ်မရှိသော တေဘူမကတရား ဟူသမျှ သည် ဖြစ်ခြင်း သဘောရှိသည်။ ထိုအားလုံးသည် ချုပ်ခြင်းသ သဘောရှိသည် ဟူလို။ ။၅-မှတ်။

**မှတ်ချက်။** ပါဠိ မြန်မာ တမျိုးမျိုးနှင့် ရေးလျှင် အမှတ်ပြည့် ပေးပါ။

**ရှင်းလင်းချက်။** ။ဤ(ဂ) နံပါတ်အဖြေသည် အဓိပ္ပါယ်ကို မေးသည့်အဖြေဖြစ်၍ ဤစာအုပ်ငယ်တွင် အထူး မရှင်းလိုတော့ပြီ။ ဗဟုသုတ များရန်လိုပါသည်။

---

ဃ။ အောက်ပါ ဝါကျကို ဆန်းကျမ်းလာ ဂါထာတမျိုးမျိုး ဖွဲ့၍ အမည်ပေးခဲ့ပါ။

တတ္ထ သောဟန္တိ သော အဟံ၊ ဘဂဝန္တံ သရဏံ
ဂစ္ဆာမီတိ ဘဂဝါ မေ သရဏံ ပရာယနံ၊ အဃသ
တာတာ၊ ဟိတဿစ ဝိဓာတာတိ ဣမိနာ အဓိပ္ပါယေန
ဘဂဝန္တံ ဂစ္ဆာမိ ဘဇာမိ သေဝါမိ ပယိရုပါသာမိ။

၉။ အဖြေ။

သောဟံ ဘဂဝန္တဥ္စ၊ သရဏာဂ္ဂတေ၀ ဂစ္ဆာမိ။ ။၂-မှတ်။
အဃဿ စေဝ တာတာ၀ါ၊ ဟိတဿစ ဝိဓာတာ၀ါ။
(ဝတ္တဂါထာ)။ ။ဂ-မှတ်။

ဂါထာအမည်ပေး ဝတ္တဂါထာ။ ။၂-မှတ်။

ဂါထာစီကုံး။ ။ဂ-မှတ်။

**မှတ်ချက်။** ဘော်ပြပါ အဓိပ္ပါယ် ပါရှိ၍ ဆန်းကျမ်းလာ ဂါထာတို့တွင် သာမညဂါထာပင်ဖြစ်သော်လည်း အမှတ်ပြည့်ပေးပါ။

**ရှင်းလင်းချက်။** ။ဤ(၉)နံပါတ်ပုစ္ဆာအတွက် ဆန်းကျမ်းလာ ဝတ္တဂါထာများကို အသေအချာ လေ့လာပါ။

---

၁၀။ အထက်ပါ(၉)နံပါတ်ပါ ဝါကျကို ဘာ၀လက်ခဏရ နည်းအရ ထုတ်ပြပါ။

**၁၀။ အဖြေ။**

၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားကို ဆည်းကပ်သော သူ(အမ္ဗဋ္ဌ)၏ ပီတိပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိ ဌာယီဘာ၀၊ ဓမ္မသိင်္ဂါရ ရသ မည်၏။ ။၄-မှတ်။

၂။ ဘုန်းတော်ကြီးသော မြတ်စွာ ဘုရားသည် အာလမ္ဗဏ ဝိဘာ၀ မည်၏။ ။၂-မှတ်။

၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ အရဟံ အစရှိသော ဂုဏ်တော်တို့သည် ဥဒ္ဒိပန ဝိဘာဝ မည်၏။ ။ ၂-မှတ်။

၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားကို ဆည်းကပ်ခြင်းကြောင့် လောက၌ ဂုဏ်သတင်း ကျော်စောခြင်း၊ တရားတော်ကို နာရခြင်း၊အဆင်းတော်ကို ဖူးမြင်ရခြင်း တမလွန်သုဂတိအစ နိဗ္ဗာန်တိုင် ကောင်းကျိုး အမျိုးမျိုးတို့ကို ခံစားရခြင်းတို့သည် အနုဘာဝ မည်၏။ ။ ၂-မှတ်။

**မှတ်ချက်။** ။ဓမ္မ သိင်္ဂါရ ရသ မပါသော်လည်း အမှတ်ပြည့်ပေးပါ။

**ရှင်းလင်းချက်။** ။ဤ(၁၀)နံပါတ် ပုစ္ဆာသည် အဌကထာ ပါဠိကိုစွဲ၍ ဌာယီဘာဝ စသော ဘာဝါလင်္ကာရထုတ်ခြင်းကို မေးခြင်းဖြစ်၍ အလင်္ကာကျမ်း၌ ပါရှိသော ဌာယီဘာဝ(၉)ပါးနှင့် ရသ (၉)ပါးတို့ ပါဝင်ပြီး ဘာဝ ဝိဘာဝ အနုဘာဝတို့ဖြင့် ဖြေဆိုရ၏။

**ဌာယီဘာဝ(၉)ပါး။**

ရတိ ဟာသောစ သောကောစ၊ ကောဓုဿာဟ ဘယံပိစ။
ဇိဂုစ္ဆာ ဝိမှယောစေဝ၊ သမောစ နဝဌာယီနော။
(အဘိဓာန်)။

**ရသ(၉)ပါး။**

သိင်္ဂါရ ဟဿ ကရုဏာ၊ ရုဒ္ဒ ဝီရ ဘယာနကာ။
ဝိဘစ္ဆဗ္ဘုတ သန္တာစ၊ ရသ ဌာယီန နုက္ကမာ။
(အဘိဓာန်)။

ရှေဦးစွာမေးထားသော ပုစ္ဆာပါ စကားရပ်ကို ဌာယီဘာဝ နှင့် ရသတို့ကို ထုတ်ပြရမည်။

စကားရပ်ပါ အကြောင်းကို ဝိဘာဝ ထုတ်ရမည်။

ထိုတွင် အာရုံအကြောင်း (အဓိက)အကြောင်းကို (ကံပုဒ်အရ) အာရမ္မဏ ဝိဘာဝထုတ်ရ၏။

အခြံအရံအကြောင်း (ကံပုဒ်၏ ဂုဏ်သဘော)ကို ဥဒ္ဒီပန ဝိဘာဝ ထုတ်ရ၏။

ထိုမှ ရအပ်သော အကျိုးဆက် (အကုသိုလ်အရာနှင့်-ကုသိုလ် အရာ)တို့ကို အရာအားလျော်စွာ အနုဘာဝ ထုတ်ရမည်။

## ဓမ္မသင်္ဂဏိ မေးခွန်း (၂)

(က) ပစ္စယသန်ါတေန အာဟာရဋ္ဌေန တယောဝေတ္ထ ဓမ္မာ အာဟာရာ ဟောန္တိ။

(ခ) အဝသေသာ နော အာဟာရာ။

(ဂ) ကိံ ပနေတေ အညမညံ ဝါ တံ သမ္ပယုတ္တာနရူပဿ ဝါ ပစ္စယာ နဟောန္တီတိ။

(ဃ) နော န ဟောန္တိ။

(င) ဣမေ ပန တထာစ ဟောန္တိ အညထာစာတိ သမာနေပိ ပစ္စယတ္တေ အတိရေကပစ္စယာ ဟောန္တိ။

(စ) တသ္မာ အာဟာရာတိ ဝုတ္တာ။ (အဋ္ဌကထာ-၁၉၆)။ ၁-၂-၆-တို့ကို မဖြေတော့ပြီ။

၃။ င-စ-ဝါကျတို့ဖြင့် အဘယ်ဒေါသကို ပယ်ပါသနည်း။

၃။ အဖြေ။

(င) ဝါကျဖြင့် အတိဗျာပိတ ဒေါသကို ပယ်ပါသည်။ ၅-မှတ်။

(စ) ဝါကျဖြင့် နိရုတ္တက ဒေါသကို ပယ်ပါသည်။ ။၅-မှတ်။

**ရှင်းလင်းချက်။** ။ဝါကျ ဒေါသကိုပယ်သည်ဆိုရာ၌ ရှေဦးစွာ ထုတ်ပြထားသော ဝါကျများသည် မည်သည့် ဝါကျမျိုး ဖြစ်နိုင်ကြောင်းကို ရှေ့နောက် ဝါကျများကို စိစစ်ပါ။ ဥပမာ ရှေ့ ဝါကျနှင့် နောက်ဝါကျတို့သည် ပက္ခပက္ခန္တရဝါကျများ ဖြစ်နေကြလျှင် နောက်ဝါကျသာ မရှိပါက စကားမနှံ့စပ်သဖြင့် အဗျာပိတဒေါသ အရိပ်ပေါ်လာသည်။ ထိုနောက် ဝါကျဖြင့် သင့်ရောက်မည့် အဗျာပိတ ဒေါသမှလွတ်ကင်းသည်။ သို့ဒေါသမှ လွတ်ကင်းခြင်းကိုပင်လျှင် ထိုဝါကျက ပယ်ရာရောက်သည်။ ဤနည်းအတိုင်း အခြားသော ဒေါသများ ပယ်ပုံကိုသိပါ။

**နိယံ။**

**ပက္ခန္တရ၊ ယင်းဝါကျ၊ အဗျာပိတတင်။**
**အနုသန္ဓိယ၊ ယင်းဝါကျ၊ ပုနရုတ္တိတင်။**
**ဝိတ္ထာ, သံခိပ်၊ ဥဒ်, နိဒ်, နိဂမ၊ စုဏ္ဏိယ၊ ပုနရုတ္တိတင်။**
**လဒ္ဓဂုဏ၊ ယင်းဝါကျ၊ နိရုတ္တကတင်။**
**အတ္ထုဒ္ဒါရ၊ ဟူတုံက- နိရုတ္တကပင်။**
**ဒဠှီမည်ရှိ၊ ဝိရောဓိ၊ သတိမြဲမြဲယှဉ်။**
**အတ္တုဒ္ဒေသ၊ ဟူတုံက၊ ယူကြထိုနည်းပင်။**
**အတိဗျာပိ၊ တင်တုံဘိ၊ မှတ်ဘိတနည်းပင်။**

၄။ အာဟာရ ပုဒ်ကို ဝိဂ္ဂဟ ပြု၍ ဗျုပ္ပတ်ျာဒိ စတုက္က ထုတ်ပြပါ။

၄။ အဖြေ။

အာဘုသော ဟုတွာ ဟရန္တီတိ အာဟာရာ၊ အာဟရန္တီတိ အာဟာရာ။ ။၄-မှတ်။

**ဗျုပ္ပတ်ျာဒိ စတုက္ကထုတ်ပုံ။**

(က) (အာ)ဟူသော (ဟာ)ဟူသော (ရာ)ဟူသော အစိတ်စိတ်သော ပရမတ္ထ သဒ္ဒါသည် ဗျုပ္ပတ္တိ။ ။၁-မှတ်။

(ခ) အာ ရှေ့ရှိသော ဟရ-ဓာတ် ဏ-ပစ္စည်း ဆောင်ခြင်းကြိယာ စသည်သည် ဗျုပ္ပတ္တိနိမိတ်။ ။၂-မှတ်။

(ဂ) (အာဟာရာ)ဟူသော အပေါင်း ပညတ္တိ သဒ္ဒါသည် ပဝတ္တိ။ ။၁-မှတ်။

(ဃ) ဆောင်တတ်သော အမူအရာ ကြိယာသည် ပဝတ္တိနိမိတ်။ ၂-မှတ်။

**တနည်းထုတ်ပုံ။**

၁။ အာဟာရန္တိ-ဟူသော ဝိဂ္ဂဟသည် ဗျုပ္ပတ္တိ။

၂။ အာဟာရာ-ဟူသော နိပ္ဖန္နသည် ပဝတ္တိ။

၃။ (အာ)(ဟာ)(ရာ)ဟူသော အစိတ်စိတ် သဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော အမူအရာကြိယာသည် ဗျုပ္ပတ္တိနိမိတ်။

၄။ (အာဟာရ)ဟူသော အပေါင်းပညတ်ကို သဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော အမူအရာကြိယာသည် ပဝတ္တိနိမိတ်။

**မှတ်ချက်။** ။ဝိဂ္ဂဟနှစ်မျိုးတွင် တမျိုးမျိုးမှန်လျှင် အမှတ်ပြည့် ပေးပါ။ ဗျုပ္ပတျာဒိနှစ်မျိုးတွင် တမျိုးမျိုးမှန်လျှင် စကားသုံး ကွဲသော်လည်း သဘောသက်ဝင်လျှင် အမှတ်ပြည့်ပေးပါ။

**ရှင်းလင်းချက်။**

ဗျုပ္ပတျာဒိ စတုက္က ထုတ်ရာ၌-
အစိတ်စိတ် ပရမတ္ထ သဒ္ဒါကို ဗျုပ္ပတ္တိ အရ ထုတ်ပါ။
ခေတ်၊ ပစ္စည်း၊ အမူအရာကြိယာကို ဗျုပ္ပတ္တိ နိမိတ်ထုတ်ပါ။
အပေါင်း ပညတ္တိ သဒ္ဒါကို ပဝတ္တိ ထုတ်ပါ။
အပေါင်းပညတ္တိ သဒ္ဒါ၏ အမူအရာ အတ္တပဋိလာဘကြိယာကို ပဝတ္တိ နိမိတ်ထုတ်ပါ။

**ဝိဂ္ဂဟပြု၍ တနည်းထုတ်ရန်။**

ဝိဂြိုဟ်၏ ဝိဂ္ဂဟဝါကျကို ဗျုပ္ပတ္တိထုတ်၊
ခေတ်၊ ပစ္စည်း၊ ဝိဘတ်၊ထိုခေတ်၏အမူအရာကြိယာကို ဗျုပ္ပတ္တိ နိမိတ်ထုတ်၊
နိပ္ဖန္နပုဒ်ကို ပဝတ္တိထုတ်၊
အမူအရာကြိယာကို ပဝတ္တိနိမိတ်ထုတ်။

နိယံ။

ဗျုပ္ပတ္တိရ၊ ပရမတ္ထ။ သဒ္ဒယုအပ်စွာ။
ဗျုပ္ပတ္တိ၏၊ နိမိတ်သိ။ ပကတိ ပစ္စည်းမှာ။
ပဝတ္တိရှိ၊ ပညတ္တိ။ ယုတိသဒ္ဒမှာ။
ပဝတ္တိ၏၊ နိမိတ်ရှိ။ ဇာတိပဥ္စကာ။

၅။ အညထာစဥ္-အညထာပုဒ်၏ လိင်၊ ဂဏ၊ ဂဏဝိမုတ္တ၊ အန္တနှင့်တကွ မည်သည့်ပုဒ်မျိုးဟု ဆုံးဖြတ်ခဲ့ပါ။

၅။ အဖြေ။

| | |
|---|---|
| အညထာသည် | အလိင်-၂-မှတ် |
| ။ | ဂဏဝိမုတ်-၂-မှတ်၊ |
| ။ | အာကာရန္တ-၂-မှတ်၊ |
| ။ ပကာရတဒ္ဓိတ်။ အဗျယတဒ္ဓိတ်-နိပါတပဒ-၄-မှတ်။ | |

**ရှင်းလင်းချက်။** ။မည်သည့်လိင်၊ မည်သည့်ဂိုဏ်း၊ မည်သည့်ကာရံ၊ မည်သည့်ပုဒ်ဖြစ်ကြောင်းကို မေးတတ်ရာ သဒ္ဒါအရာတွင် လိင်ကိုပိုင်နိုင်ရန် အထူးကြိုးစားပါ။ လိင်ကိုပိုင်လျှင် ဤမေးခွန်းအတွက် တဝက်ကျိုးနိုင်ပါ၏။

၇။ (က)ဝါကျဥ္ ဝေ-၏ ဝေတ္တ ဖလတ္တယကိုရင်း၊ (ဂ) ဝါကျဥ္ ပန-၏ အတ္ထုဒ္ဓါရနှင့် ဣမာဝိပ္ပေတတ္ထကိုရင်း ပြခဲ့ပါ။

၇။ အဖြေ။

၁။ (က) ဝါကျ၌ ဧဝ-၏ ဖလတ္ထယ-ကား ဖဿ မနောသမ္ဖဿ-တနာ ဝိညာဏ် သုံးပါးတို့သည် ဖဿ၏ ဖလတ္ထယ။ (ဂဟေတဗ္ဗတ္ထ)။ ၂-မှတ်။

၂။ ထိုဖဿ စေတနာ ဝိညာဏ်မှကြွင်းသော ငါးဆယ်ကျော်သော ဓမ္မသဘာဝ ဒြဗ်တို့သည် နိဝတ္တေတဗ္ဗတ္ထ (ဝါ) အနေ့တဗ္ဗ။ ၃-မှတ်။

(ဂ) ဝါကျ၌ ပန-၏ အတ္ထုဒ္ဓါရကား၊ ဝါကျာရမ္ဘ, ဝိသေသ, ဟေတု, ဖလ, အန္ဝယ ဒဠှီကရဏ, တပ္ပါကဋီကာရဏ, ဗျတိရေက, ပက္ခန္တရ, သမ္ဘာဝနာ, ဂရဟာတို့ပင်တည်း။ ။၂-မှတ်။

ဤဓာဝိပ္ပေ တတ္ထကား။ ပက္ခန္တရ၊ (တနည်း) ဝါကျရမ္ဘတ္ထ၊ (တနည်း)ပုစ္ဆာဇောတကတ္ထ။ ။၃-မှတ်။

**မှတ်ချက်။** ။အတ္ထုဒ္ဓါရ-၌ ဝါကျာရမ္ဘ စသော(၁၁)နက်တို့တည်းဟု ဖြေလျှင်လည်း ပေးပါ။ ဤဓာဝိပ္ပေတတ္ထ၌ တနည်းနည်းမှန်လျှင် ပေးပါ။

**ရှင်းလင်းချက်။**

အတ္ထုဒ္ဓါရ-၌ အားလုံးအနက်များကိုဖော်ပြနိုင်လျှင် အကောင်းဆုံးဖြစ်သည်။ အဖြေထုတ်ပုဂ္ဂိုလ်၏ အလိုဆန္ဒများမှာ တူသည်ချည်းဟူ၍ မရှိနိုင်။အဘိဓာန်လာ နိပါတ်ပုဒ်ဟောများကို အရကျက်ထားရန် အထူးသတိပေးလိုပါ၏။

× × ×

၈။ (စ)ဝါကျ၌ ဝုတ္တာဝုဒ်အရကို ဒဿနတ္တ စသည့် ကြိယာ ငါးတန် ယုတ္တိမှန်အောင် ထုတ်ပြပါ။

၈။ အဖြေ။ ။(စ)ဝါကျ ဝုတ္တာ၌ ဝစခေါက်၏အရ ဒေသနာ ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဒဿနတ္တ။ ။၂-မှတ်။

ဒေသနာဉာဏ်၏ရှေ့အဘို့၌ဖြစ်သော မဟာကရုဏာဉာဏ် စသည်သည် ဒီပကတ္ထ။ ။၂-မှတ်။

ဒေသနာဉာဏ်၏ ရှေ့အဘို့၌ ဖြစ်သော တယောအာဟာရ စသော ဒေသနာတဗ္ဗဓမ္မသည် ပကာသနတ္ထ။ ။၂-မှတ်။

ဒေသနာဉာဏ်၏ မူလ အကြောင်းရင်းဖြစ်သော ပါရမီဉာဏ်၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ သဗ္ဗညုတ ဉာဏ်တော်သည် ဝိဘာဝတ္ထ။ ။၂-မှတ်။

(ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်တို့၏ အာဟာရသုံးပါးကိုသိရခြင်း၊ ဓမ္မ သဝနကုသိုလ်ဖြစ်ခြင်း စသည်သည် ဝိဘာဝတ္ထလည်း မှန်၏။)

ထိုအာဟာရသုံးပါးကိုသိရသဖြင့် ဓမ္မာနု ဓမ္မပဋိပတ္တိ စသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။ ။၂-မှတ်။

**တနည်း ကြိယာငါးတန် ထုတ်ဟန်။**

ဝုတ္တာ၌ တ-ပစ္စည်း၏ အရဖြစ်သော အာဟာရ သုံးပါးသည် ဒဿနတ္တ။ ။၂-မှတ်။

ဖဿာဟာရ၏ အကြောင်းဖြစ်သော သဠာယတနသည်ရင်း၊ စေတနာဟာရ၏အကြောင်းဖြစ်သော အဝိဇ္ဇာသည်ရင်း၊ ဝိညာဏာဟာရ၏အကြောင်းဖြစ်သော သင်္ခါရသည်ရင်း ဒီပကတ္ထ။ ။၂-မှတ်။

ဖဿာဟာရ၏အကျိုးဖြစ်သော ဝေဒနာသည်၎င်း၊ စေတနာဟာရ၏အကျိုးဖြစ်သော ပဋိသန္ဓေဝိညာဏ်သည်၎င်း၊ ဝိညာဏာဟာရ၏ အကျိုး ဖြစ်သော နာမ်ရုပ်သည်၎င်း ပကာသနတ္ထ။ ၂-မှတ်။

အာဟာရသုံးပါး၏ အကြောင်းရင်းဖြစ်သော အာသဝသည် ဝိဘာဝတ္ထ။ ။၂-မှတ်။

ဖဿာဟာရ၏ တဏှာ စသော အကျိုး အဆက်ဆက်သည်၎င်း၊ စေတနာဟာရ၏ နာမ်ရုပ် စသော အဆက်ဆက်သော အကျိုးသည်၎င်း၊ ဝိညာဏာဟာရ၏ သဠာယတန စသော အကျိုးအဆက်ဆက်သည်၎င်း အနုဘာဝတ္ထ မည်၏။ ။၂-မှတ်။

မှတ်ချက်။ ။ဤကြိယာငါးတန်ထုတ်နည်းနှစ်မျိုးတွင် တမျိုးမျိုးမှန်လျှင် အမှတ်ပေးပါ။ အထက်ပါ အတိုင်း မကျသော်လည်း အကြောင်း အကျိုး သဘာဝ သက်ဝင်လျှင် အမှတ်ပြည့်ပေးပါ။

ရှင်းလင်းချက်။

ကြိယာငါးတန်ထုတ်နည်းအမျိုးမျိုးရှိရာ တမျိုးမျိုးနှင့်ထုတ်နိုင်လျှင်လည်း အမှတ်ပြည့်ရမည်သာဖြစ်၍ တနည်းနည်းကို ပိုင်အောင် လုပ်ထားရပေမည်။

နိယံ။

ဆက်ဆက်မုချ၊ တိုက်ရိုက်ပြက ဒဿနဆို၊
အကြောင်းကိုပြ ဒိပကမျိုး၊
ကျိုးပကာသန၊ မူလကြောင်းမှာ ဝိဘာဝမှန်၊
ကျိုးပရမ္မရာ နုဘာဝေါ၊
ကြိယာငါးတန် ထုတ်နည်းတည်း။
မုချယူရ၊ စကားကျ၊ ပြကြဒဿနာ။
ချင်း၏ကာရက၊ ဖလူပြ၊ ယူကြဒီပကာ။
မုချကျိုးယူ၊ ကာရကူ၊ ပြမူပကာသာ။
ဒု-ကာရကူ၊ ဆ၍ယူ၊ တ-မူ နုဘာဝေါ။

တနည်း လက်ာ။

လက္ခဏာ ဒဿန၊ ဒိပက ပဒဌာန်။
ရသံသမ္ပတ္တိ၊ ထုတ်ဘိပကာသန်။
ကိစ္စရသ၊ ဝိဘာဝမှန်၊
အနုဘာဝ၊ မှတ်ကြ ပစ္စုပဌာန်။

ဤနည်းဖြင့်လည်း ပရမတ္ထဓမ္မတို့၏ လက္ခဏာ၊ ရသ စသည်တို့ အာဂုံရှိပါမူ လွယ်ကူလှသည်။

× × ×

၉။ တဃောအရ အာဟာရ တရားကိုယ်များကို ပြ၍ ဒုတိယ အာဟာရ၏ကျေးဇူးပြုပုံကိုလည်း ပြခဲ့ပါ။

၉။ **အဖြေ။** ။နာမ်အာဟာရတရားကိုယ်များမှာ (၁)ဖဿာဟာရ။ (၂)မနောသဥ္စေတနာဟာရ။ (၃)ဝိညာဏာဟာရဖြစ်၏။ ၅-မှတ်။

ဒုတိယ မနောသဥ္စေတနာဟာရသည် မိမိမှ ကြွင်းသော စိတ် စေတသိက် တရားတို့အားလည်း (ဇနကသတ္တိ)ဖြင့် ကျေးဇူးပြုပါ သည်။ ။၃-မှတ်။

ကာမ၊ ရူပ၊ အရူပ ဟူသော ဘဝသုံးပါးကိုလည်း (ဇနက-ဥပ ထမ္ဘကသတ္တိ)ဖြင့် ဆောင်ပါသည်။ ။၂-မှတ်။

**မှတ်ချက်။** ၊သက်သည်းကွင်းမပါလဲ အမှတ်ပြည့်ပေးပါ။

၁၀။ (ဃ)ဝါကျ၌ ဖြစ်သင့်သော ကတ္တားအရ တရားများ သည် ဖြစ်သင့်သော သမ္ပဒါန်အရ တရားများအား မည်မျှသော ပစ္စယသတ္တိတို့ဖြင့် တပြိုင်နက် ကျေးဇူးပြုနိုင်ပါသနည်း။

**၁၀။ အဖြေ။**(ဃ)ဝါကျ၌ ဖြစ်သင့်သော ကတ္တားအရ ၅၃— ပါးသော တရားများသည် ဖြစ်သင့်သော သမ္ပဒါန်အရ ၅၃-ပါး သော တရားများနှင့် တံသမ္ပယုတ်ရုပ်အား—

သဟဇာတ၊ သဟဇာတနိဿယ၊ သဟဇာတတ္ထိ၊ သဟဇာတ အဝိဂတ၊ဤလေးပါးသော ပစ္စယသတ္တိတို့ဖြင့် တပြိုင်နက် ကျေးဇူး ပြုပါသည်။ ။၁၀-မှတ်။

(ဃ) ဝါကျ၌ ဖြစ်သင့်သော ကတ္တားအရ ၅၃-ပါးသော တရား များသည် ဖြစ်သင့်သော အညမညံ-ဟူသော သမ္ဗန္ဓါန်အရ ၅၃-ပါး သောတရားတို့အား သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊အတ္ထိ၊ အဝိဂတ၊ ဤ ၆-ပစ္စယသတ္တိတို့ဖြင့် တပြိုင်နက် ကျေးဇူးပြုပါသည်။ ၅-မှတ်။

(ဃ) ဝါကျ၌ ဖြစ်သင့်သော ကတ္တားအရ ၅၃-ပါးသောတရား များသည် ဖြစ်သင့်သော တံသမုဋ္ဌာန ရူပဿဟူသော သမ္ဗန္ဓါန်အရ တံသမုဋ္ဌာန ရုပ်အား သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊အဝိဂတ၊ ဤ၅-ပစ္စယသတ္တိတို့ဖြင့် အပြိုင်နက် ကျေးဇူးပြုပါသည်။ ။၅-မှတ်။

**မှတ်ချက်။** ။နှစ်နည်းတို့တွင် တနည်းနည်း မှန်လျှင် အမှတ်ပြည့် ပေးပါ။

**ရှင်းလင်းချက်။**

ပဋ္ဌာန်းပစ္စည်းပြိုင်ကို မေးရာ၌ တပြိုင်နက် ပြိုင်နိုင်သော ပစ္စည်း, ပြိုင်နိုင်သမျှသော ပစ္စည်း- ဟူ၍ မေးတတ်ရာ စာဖြေသူများသည် မေးခွန်း ၂-ခု၏သဘောမတူကြောင်းကို အထူးသတိချပ်ပါ။

ပဋ္ဌာန်း ပစ္စည်းများကို သဟဇာတမျိုး၊ အာရမ္မဏမျိုး၊ အနန္တရ မျိုး စသည်ဖြင့် အမျိုးအမည် ခွဲခြား၍ ကျက်မှတ်ထားပါ။

မေးခွန်းတွင် ပစ္စည်းဖြစ်နိုင်သော တရား၊ ပစ္စယုပ္ပန် ဖြစ်နိုင်သော တရားများကို ရှေ့နောက် ဝါကျများကိုနှိုင်းယှဉ်၍ ယူပြီး မည်သည့် အမျိုး ဖြစ်နိုင်သည်ကို ရွေးချယ်ပြီးမှ တပြိုင်နက်ဆိုလျှင် မည်သည့်

ပစ္စည်းများ ပါဝင်နိုင်၍ ပြိုင်နိုင်သော ပစ္စည်းဆိုလျှင်မူ မည်မျှ ပြိုင်နိုင်ကြောင်းကို စစ်ဆေးပြီးမှ ပြိုင်ပြပါ။

**ဥပမာ။** ။သဟာဇာတမျိုးတွင် အကြီး အလတ် အငယ်အားဖြင့် ခွဲထားလျှင် တပြိုင်နက်ဆိုလျှင် အကြီးလေးပစ္စယတို့သည် ပါဝင်လာပေမည်။ သမ္ပယုတ္တ၊ အညမည စသော အလတ်စားများ ပါဝင်နိုင်, မပါဝင်နိုင်ကို နှိုင်းယှဉ်ပါ။ (ပစ္စည်းပစ္စယုပ္ပန်ကို ကြည့်ပါ) အငယ် ၇-မျိုးနှင့် ဆိုင်သလား၊ မဆိုင်ဘူးလား စိစစ်ပါ၊ အခြား ပစ္စည်းပြိုင်များကိုလည်း ဤနည်းတူ ခွဲခြားထားပြီး ပစ္စည်းပစ္စယုပ္ပန်တရားများကိုပိုင်လျှင် လွယ်ကူ၏။

၁။ ကတ္တားနှင့် ကြိယာ၊ ကရိဏ်းပုဒ်နှင့် ကြိယာပုဒ်တို့ကိုပစ္စည်း ပြိုင်ခိုင်းလျှင်—

ဆော၁င်။

**သဟာပုရေ၊ အနန္တရေ၊ စပ်လေကာက ကရိဏ်းတည်း။**

၂။ သမ္ပဒါန်နှင့် ကြိယာ၊ ကံနှင့် ကြိယာပုဒ်တို့ကို ပြိုင်ခိုင်းလျှင်—

ဆော၁င်။

**သမ္ပဒါန်ကံ၊ ကြိယံ၊ စပ်ပြန် အာရုံမျိုး။**

၃။ အပါဒါန်နှင့် သြကာသ ကာရကတို့ကို ကြိယာပုဒ်နှင့် ပြိုင်ခိုင်းလျှင်—

ဆော၁င်။

**ကြွင်းကာရက၊ အကာရက၊ စပ်ကြ ပကတူမျိုး။**

## ဓမ္မာစရိယ စာမေးပွဲ၌ ပြဋ္ဌာန်းသော
## ပုစ္ဆာထုတ်စည်းမျဉ်း
## ပါရာဇိကဏ် ဒုတိယနေ့

၁။ ခက်ခဲသော အဋ္ဌကထာ ဝါကျတို့ကို ထုတ်ပြ၍ အနက်ယောဇနာ စေခြင်း (သုံးကျမ်းလုံးနှင့် ဆိုင်)

၂။ လိုအပ်သော ပါဠိဝါကျတို့ကို ထုတ်ပြ၍ အနုသန္ဓေ၊ ပုစ္ဆာ၊ စောဒနာ ကျမ်းတက်ထွက်နည်းကို မေးရာ၌ သုဒ္ဓ၊ တက်ထွက်နည်း ၂-မျိုးတွင် တမျိုးမျိုးကို မေးခြင်း။

မှတ်ချက်။ ။စောဒနာတက်ကို မေးရာ၌ လီနတ္ထ စောဒနာ၊ အာဘောဂ စောဒနာ၊ အယုတ္တ စောဒနာ၊ ဗျတိရေက စောဒနာ၊ အနွယ စောဒနာတို့တွင် တခုခုကိုသာ မေးရမည်။ အထွက်ကို မေးရာ၌လည်း သဒ္ဒါ၊ ပညတ်၊ ပရမတ် တို့တွင် တခုခုကိုသာ မေးရမည်။

၃။ သင်္ခေပ၊ ဝိတ္ထာရ စသော ဝါကျအမည် ခွဲခြင်း၊ စာစပ်ကို မေးခြင်း။

မှတ်ချက်။ ။ဝါကျခွဲရာ၌ ဂန္ထာဘရဏ ကျမ်းလာနှင့် အဋ္ဌကထာ၊ ဋီကာ သုံးရိုး ဝါကျ အမည်များကိုသာ မေးမြန်းရမည်။

၄။ နိဂ္ဂဟနှင့် ညွှတ်ကောက်ကို မေးခြင်း။

၅။ လိမ်၊ ဝိဘတ်၊ ဝါတ်၊ ပစ္စည်း၊ ကြိယာ၊ ကာရက တို့၏ အနက်အဓိပ္ပါယ် အသုံးအဖြတ်ကို မေးခြင်း။

၆။ ကျမ်းရင်း သုံးကျမ်းလုံး၌ အဋ္ဌကထာပုဒ်ဖွင့်၊ ပါဠိဖွင့် အရာ၌ အဋ္ဌကထာ ဆရာ၏ အလိုအာဘောဂကိုရင်း၊ အဖွင့် သံဝဏ္ဏနာကိုရင်း မေးခြင်း။

**မှတ်ချက်။** ။သံဝဏ္ဏနာ အမည်မှာ သံဝဏ္ဏနာ ကျမ်းလာ သံဝဏ္ဏနာအားလုံးနှင့် သက်ဆိုင်သည်။ (သုံးကျမ်းလုံးနှင့် ဆိုင်)

၇။ ပုဒ်မှား၊ ပုဒ်မှန် အသုံးအဖြတ်ကို မေးခြင်း။

**မှတ်ချက်။** ။ဆိုင်ရာ အဋ္ဌကထာ၊ ဋီကာဖြစ်စေ၊ ရှေးနောက် ထောက်ထားဘွယ်ဖြစ်စေ၊ ဓာတ်ပစ္စည်း ဝေဘန်၍ ဖြစ်စေ၊ သဒ္ဒနယ အထောက်အထား ထင်ရှာ ဖြစ်စေ ရှိရမည်။

၈။ ဆိုင်ရာ အဋ္ဌကထာပါ တစုံတခုသော ပုဒ်ကိုဖြစ်စေ၊ ဝါကျကို ဖြစ်စေ၊ နည်းဥပစာ တခုခုကို စမ်း၍မေးခြင်း။

**မှတ်ချက်။** ။ဥပမာ၊ ဥပမာန၊ ဥပမေယျ၊ ဥပရိက္ခာ၊ ဥပစာများ ခွဲဝေထုတ်ဆောင် နည်းများလည်း စပ်ဆိုင်ပါဝင် သည်။

၉။ သတ်မှတ်ပေးသည့် အဋ္ဌကထာလာ အကြောင်းအရာကို စုဏ္ဏိယ ဗန္ဓဖြင့် ရေးသားစေခြင်း။

၁၀။ နေတ္တိဟာရ ထုတ်နည်းကို ဆိုင်ရာ ပါဠိဖြင့်စပ်၍ မေးခြင်း။

## သိလက္ခန်ဒုတိယနေ့

၂။ လိုအပ်သော ပါဠိဝါကျတို့ကို ထုတ်ပြ၍ သုဒ္ဓ အတက်-အထွက် နှစ်မျိုးတို့တွင် တမျိုးမျိုးကို မေးခြင်း။

**မှတ်ချက်။** ။အတက်ကို မေးရာ၌ ပါရာဇိကဏ် (၂)နံပါတ် အတိုင်း မေးရမည်။ အထွက်၌ သဒ္ဒါ၊ ပညတ်၊ ပရမတ် ထွက်နည်းတို့နှင့် အတ္ထုဒ္ဓါရ အဓိပ္ပါယ် တတ္ထ မေးနည်းတို့လည်း စပ်ဆိုင်ပါဝင်သည်။

၃။ ကိဥ္စာပိ၊ သစေပိ၊ ယဒိ၊ သစေ၊ အထစေ၊ လက္ခဏာရုစိ၊ နနု၊ နနုစ အစရှိသော ဝါကျတို့တွင် တခုခုကို ထုတ်ပြ၍ ၎င်းတို့ကို ဝါကျ၌ ထားရခြင်း အကြောင်းနှင့်တကွ စောဒနာဘောဂ၊ စောဒနာ၊ ပရိဟာရာဘောဂ၊ ပရိဟာရ၊ အနုဂ္ဂဟ၊ အရုစိ စသော သက်ဆိုင်ရာ အဓိပ္ပါယ်ကို မေးခြင်း။

၄။ ဝိဂ္ဂဟနှင့် ဝစနတ္ထ စသော ၆-ပါး အစွဲကို မေးခြင်း။

၅။ ဟိတ်၏ သမ္ဗန်ထားနည်းနှင့် တကွ၊ တ္တ၊ တာသမ္ဗန်တို့၏ ကံ၊ ကတ္တား၊ သမ္ဗန်အနက် ၃-တန် ဖြစ်ရာ၌ စာစပ်နည်းကိုရင်း၊ ဘာဝ သမ္ဗန်ပုဒ်၌ ရထိုက်သော ပစ္စယတ္ထကိုရင်း မေးခြင်း။

၇။ နိရုတ္တိ နည်းဖြင့် ပုဒ်ပြီးပုံကို မေးခြင်း။ ဝိပလ္လာသ ဖြစ်ပုံကို မေးခြင်း။

၈။ နက်နဲသော အဓိပ္ပါယ် အဆုံးအဖြတ်ကို မေးခြင်း။

**မှတ်ချက်။** ။ခက်ခဲသော အရာ၌ အဓိပ္ပါယ်ယူပုံ ဆုံးဖြတ်ခြင်း၊ ဝါဒကွဲပြားသော အချက်၌ ဥပဒေသ ၄-မျိုးသင့်ရာ ညွှန်ပြ၍ ဆုံးဖြတ်ခြင်း၊ ကျမ်းချင်း ကွဲလွဲရာ၌ ကျမ်း

ညှိနည်း၊ နီတတ္ထ၊ နေယျတ္ထ၊ ဥဇုဝုစ်။ ဝင်္ကဝုစ်၊ အတ္ထာပန္န၊ အတ္ထာပတ္တိ နည်းများဖြင့်ရင်း၊ သဒ္ဒန္တရ သန္နိဋ္ဌာန၊ သဒ္ဒန္တရ ပေါဟန အားဖြင့်ရင်း၊အဓိပ္ပါယ် ယူပုံ ယူနည်းကို မေးခြင်းများ စပ်ဆိုင်ပါဝင်သည်။

၉။ သတ်မှတ်ပေးသည့် အဋ္ဌကထာပါ အကြောင်း အရာ အဓိပ္ပါယ်အတိုင်း ဝုတ္တောဒယ ဆန်းကျမ်းလာ ဂါထာတမျိုးချိုး ကျနအောင် စီကုံးစေခြင်း။

**မှတ်ချက်။** ။အဋ္ဌကထာ၌ ပါရှိသော ဂါထာ၏အမျိုးအမည်ကို မေးခြင်း၊ အနက်ယောဇနာစေခြင်းလည်း စပ်ဆိုင် ပါဝင်သည်။

၁၀။ အဋ္ဌကထာပါဌ်ကို စွဲ၍ ဌာယိဘာဝ စသော ဘာဝါ လင်္ကာရကိုမေးခြင်း။

**အဋ္ဌသာလိနီ ဒုတိယနေ့**

၂။ လိုအပ်သော ဝါကျတို့ကိုထုတ်ပြ၍ ဌပနာ၊ အာဘောဂ၊ အာဘောဂဟေတု၊ ဌပနာပင္စိကော္ခပ၊ စောဒနာ-ဟူသော ဌပနာ ပဉ္စကဖြင့်သော်ရင်း၊ ဌပနာ၊ အန္ဒုလောမပါပနာဒိ ကျမ်းရိုး ၅-ချက် ဖြင့်ရင်း သုဒ္ဓကျမ်းတက် ကျမ်းထွက်တို့တွင် တမျိုးမျိုးကို မေးခြင်း။

**မှတ်ချက်။** ။(က)အတက်-အထွက် ၂-မျိုးတို့တွင် တမျိုးကို သာ မေးရမည်။

(ခ) ဝေံသတိ၊ ဝေဉ္စ၊ ယဒိဝေံ စသည် အစရှိသော ဝါကျတို့၌ နီတတ္ထ အားဖြင့်သော်ရင်း၊ နေယျတ္ထ

အားဖြင့်သော်ငင်း ရသင့် ရထိုက်သော အနုလောမ ပါပနာဒိကို ထုတ်ပြစေခြင်းလည်း စပ်ဆိုင်ပါဝင်သည်။

၃။ ဝါ၊ အထဝါ၊ အပိစ၊ အပရောနုယောဂတို့၏ သဒ္ဒါ-အနက်။ အကြောင်း-အကျိုး၊ ဝါကျ လဲလှယ်ပုံကိုမေးခြင်း။ တေနှ၊ တသ္မာ၊ တေနေဝါဟ၊ တေနုဝုစ္စတိ၊ တေနုဝုတ္တံ၊ ဂဟေတဗ္ဗံ၊ ဝတ္တဗ္ဗာ၊ အဓိပ္ပေတံ၊ ကထိတံ၊ သမ္ဘဝတော စသည် ထားပုံအဓိပ္ပါယ်ကို ဝါကျ ထုတ်ပြ၍မေးခြင်း၊ ပုနရုတ္တိဒေါသ စသော ဂန္ထဒေါသတို့ကို ပါဠိဝါကျ ထုတ်ပြ၍မေးခြင်း။

၄။ ဝိဂ္ဂဟပြု၍ ဗျုပ္ပတ္တိ စသော ၄-ပါးအခွဲကို မေးခြင်း။

**မှတ်ချက်။** ။ဗျုပ္ပတ္တိစသော ၄-ပါးအခွဲကို မေးခြင်း၌ ဘေဒစိန္တာ ဒီပနီနှင့် အဘိဓာန် ဋီကာ လာသော နည်း ၂-မျိုးတွင် မည်သည့်နည်းနှင့်မဆို ဖြေဆိုနိုင်ခွင့် ရှိပါသည်။

၅။ လိင်၊ ဂဏ၊ ဂဏဝိမုတ်၊ အန္တနှင့်တကွသော သမာသပဒ စသည်ကိုမေးခြင်း။

၇။ ဟိ၊ စ၊ ပန စသော နိပါတ်ပုဒ်တို့၏အနက်၊ ဝေ၏ နိဝတ္တေတဗ္ဗ စသောအနက်၊ ယ၊ တ စသည်တို့၏ စွဲရာအနက်တို့ကိုမေးခြင်း။

၈။ ပုဒ်ဝါကျ များ၌ ယထာရဟ ဖြစ်သင့် ဖြစ်ထိုက်သော ဒဿနတ္ထ စသည်ထုတ်နည်းကိုမေးခြင်း။

**မှတ်ချက်။** ။ဌင်း၌ လက္ခဏာဒိ စတုက္က နည်းဖြင့် သော်ငှင်း၊ အခြား နည်းဖြင့်သော်ငှင်း ဖြေဆိုနိုင်ခွင့် ရှိသည်။ ဒဠ္ဌဗ္ဗံ၊ ဝေဒိတဗ္ဗံ၊ သိဒ္ဓံဟု ထားသော ဝါကျများ၌ မုက္ချ ထ္ထ၊ နေယျတ္ထ စသည်ကိုငှင်း၊ သဒ္ဒသိဒ္ဓိ၊ အတ္ထသိဒ္ဓိ၊ သဒ္ဒတ္ထသိဒ္ဓိ၊ ပစ္စက္ခသိဒ္ဓိ၊ အနုမာနသိဒ္ဓိ၊ အာကပ္ပသိဒ္ဓိ၊ ပရိကပ္ပသိဒ္ဓိ၊ သိဒ္ဓေယျသိဒ္ဓိ၊ အတ္ထာပတ္တိသိဒ္ဓိ အစရှိသော အနက် သဘော ကျရောက်ရာ အဓိပ္ပါယ် ယူနည်းကို မေးခြင်းများ စပ်ဆိုင်ပါဝင်သည်။

၉။ အဘိဓမ္မာ အရာ၌ သိမ်မွေ့ နက်နဲ ခက်ခဲသော သဘော အဓိပ္ပါယ်အဆုံးအဖြတ်ကိုမေးခြင်း။

**မှတ်ချက်။** ။လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ထုတ်ခြင်းကို မေးခြင်း၊ ပရမတ္ထဓမ္မဖြစ်ပုံ အခြင်းအရာ ဝီထိဖြစ်ပုံ စသည်ကို မေးခြင်းလည်း ပါဝင်၏။

၁၀။ ပါဠိအဋ္ဌကထာ ဝါကျ၌ သင့်ရာပုဒ်တို့၏ ပဋ္ဌာန်း ပစ္စည်း စပ်နည်းနှင့်တကွ၊ ပဋ္ဌာန်းပစ္စည်း ပစ္စယုပ္ပန် ဖြစ်ပုံ၊ ပစ္စည်းပြိုင်ပုံကို မေးခြင်း။ ။ဤကား ပုစ္ဆာထုတ်ရာ၌ စည်းမျဉ်းများတည်း။

ပါဠိတော် လင်းရောင်ခြည်ကျမ်း ပြီးပြီ။

# နှုတ်ခွန်းဆက်

ဤစာအုပ်ငယ်ကို ပဌမ အကြိမ် ကျမ်းရင်းသုံးကျမ်း "ပါဠိတော်နိဿျခက်ဆစ်" အမည်ဖြင့် ထုတ်ဝေပြီး ဖြစ်ပါသည်။ ယခုဒုတိယ အကြိမ်တွင်မူ ကျမ်းရင်း သုံးကျမ်း "ပါဠိတော် လင်းရောင်ခြည်" အမည်ဖြင့် ကောင်းမွန်သေသပ် ခန့်ငြားစွာ ထုတ်ဝေလိုက်ပါ သည်။

ဤ ဒုတိယအကြိမ်တွင် စာသင်သားများ အထူး ကျေးဇူးများနိုင်စေရန် အစိုးရ ၁၃၂၃-ခု ကျမ်း ရင်းသုံးကျမ်း မေးခွန်းလွှာနှင့် အဖြေမှန် အမှတ် ပေးပုံတို့နှင့် အစိုးရပုဏ္ဍာထုတ် စည်းမျဉ်းများကိုပါ အစဉ်ကြည့်ရှုလေ့လာနိုင်စေရန် ထည့်ထားပါသည်။ ပုစ္ဆာ၏ အဖြေများအောက်တွင် ပုစ္ဆာအလိုက် နိယံ ဆောင်ပုဒ် များနှင့် ရှင်းသည်ထက် ရှင်းအောင်ရှင်း ပြပေးထားပါသည်။

သို့သော် စာသင်သားများ အဘို့ကား ဤ စာအုပ် ငယ်ဖြင့် ပြည့်စုံ လုံလောက်ပြီဟု မယူဆစေလိုပါ၊ သက်ဆိုင်ရာ ဆရာသမားတို့၏ ပို့ချမှု၊အခြားအခြား သော ကျမ်းဂန်များကို လေ့လာ မှတ်သားမှုများ လည်း များစွာလိုအပ်ပါသေးသည်။

# နှုတ်ခွန်းဆက်

ဤအချက်အလက်များနှင့်လည်း ပြည့်စုံ၊ ဤကျမ်းငယ်ကိုလည်း နှုတ်ငုံသော ဆောင်နိုင်ပါမည် ဆိုလျှင် အရှင်တို့အတွက် "**ဓမ္မာစရိယ**" တည်းဟူသော "ဘွဲ့တံဆိပ်" တော်သည် ရထား ဆိုက်ဘီးအလား ဆိုက်ရောက်လာရုံမှတပါးအခြား မရှိပါတော့ချေ။

ပွင့်သော ပန်းတိုင်း မွှေးလို၊

မွှေးသောပန်းတိုင်း လန်းနိုင်ပါစေဟု-

ဆုမွန်ကောင်း တောင်းလျက်—

စိစဉ်သူ

၁၃၃၇-ခု၊ တပို့တွဲလ။ (၂၅-၂-၇၆)

# ညောင်လွန့်၏ သူ့လက်ရွေးစွမ်း

× × ×

"ဝိသုဒ္ဓ" တဂါထာထဲပင် အနက်ပေးနည်းပေါင်း သုံးသောင်းကျော်ညွှန်ပြ၍ "ဗုဒ္ဓေါ" တပုဒ်ကိုဝိဂြိုဟ် တသိန်းခန့် ညွှန်ကြားခကာ စာချပုံ နည်းစံနစ် စုံလင်စွာနှင့် သဒ္ဒါနည်းစံနစ်၊ ဝါကျ နည်းစံနစ် အစုံအလင် တန်ဆာဆင်ထားသော—

## အနန္တခံ စာချလက်စွဲကျမ်း

### မကြာမီ ထွက်ပေါ်ပါတော့မည်

မန္တလေး ရွှေရေးဆောင် သာသနပိုင်သနှင့် ညောင်လွန့် သာသနပိုင်သ တည်းဟူသော သာသနပိုင်သ နေမင်း လမင်းတို့မှ အစဉ်မပြတ် ထွန်းလင်း တောက်ပ လာခဲ့သော "အနုစိတ် စာချပုံ- စာချနည်း လင်းရောင်ခြည်များ" ဖြစ်ပါသည်။ ဤကာကျော် "ဝိသုဒ္ဓ" တဂါထာထဲကို "သံဝဏ္ဏေတဗ္ဗ" ပြု၍ နည်းစံနစ် စုံလင်စွာ တန်ဆာဆင်ကာ ဖွင့်ဆိုထားပါသည်။

ကျမ်းပြုဆရာက နည်းပြသွန်သင် ခေတ်မှီသော မိခင်ပမာ ကျမ်းစာကို ခေတ်မီ ယဉ်ဆန်းတဲ့ အဝတ် တန်ဆာတို့ဖြင့် ဆင်မြန်းထားသော ယုဝတီသမီးပျို ပမာထားပြီးလျှင်၊ လုလင်ပျိုအများနှင့် တူသော စာချ,စာသင် အရှင်မြတ်တို့၏ အကျိုး စီးပွားကို ကြိုးစားဆောင်ရွက်ကာ သာသနာ အဓွန့် ရှည်အောင် ထွန်းလင်းပါစေဟု အာသီသပြုထားပါသည်။

ဦးရှိပ်သာ ဆရာတော်
ဗေဒင်လွန် အရှင်သောဘိတာစာ၊ ၏

# ဗေဒင်လွှန်

# အခြေခံ ပဒမာလာ

* သန္ဓိ ၃-မျိုးကို ပုဒ်စပ်ပုံ-ပုဒ်ဖြတ်ပုံများနှင့် စီရင်သုတ် နံပါတ်များကို ဇယားချ၍ တွဲပြထားပါသည်။
* နာမ်- ကာရကပိုင်းများ အတွက် နာမ်ဂိုဏ်း- ပဒမာလာကို ယောဂ ၃-မျိုးနှင့် ယှဉ်တွဲပြသထားပါသည်။
* အာချာတ်ဂိုဏ်း ပဒမာလာကိုလည်း ဝိဘတ်နှင့် ပုရိသ်ပုဒ် ရောမရှုတ်ရအောင် သူ့အုပ်စုနှင့် သူ့နေရာ ရှင်းလင်းစွာ ဖော်ပြထားပါသည်။
* နာမ်-ကာရက-အာချာတ်ပဒမာလာများအပြီးတွင် ကတ္တား, ကံ, ကြိယာဆားပုံနှင့် ပါဠိလေ့ကျင့်ခန်းကို ထည့်သွင်းထား ပါသည်။

ကိတ်, တဒ္ဓိတ်, သမာသ်ပိုင်းများ အတွက် ကိတ် ဝိဂြိုဟ်, တဒ္ဓိတ်ဝိဂြိုဟ်, သမာသ်ဝိဂြိုဟ် ဆိုတတ်ရန် အခြေခံလေ့ကျင့် ခန်းများကို ထည့်သွင်းဖော်ပြထားပါသည်။

ဤကျမ်းစာသည် သောတုအရှင် စာသင်ငယ်များ အတွက် သဒ္ဒါဘက်တွင် အုဋ်မြစ်တချပ်ဖြစ်သည်ကိုတော့ အားလုံးက လက်ခံကြရပါမည်။

ထွက်ပြီ ထွက်ပြီ

ထွက်တော့မည် ထွက်တော့မည်

ဦးရိပ်သာ ဆရာတော်

ညောင်လွန့် အရှင်သောဘိတာစာရ, ၏

**နိပုဏဓမ္မပဒေသာ**

# ညောင်လွန့်တရားအဘိဓာန်ချုပ်

ရှင်ဆိုက် စာမျက်နှာ ၆၀၀-ကျော်ဖြင့်

**ဝေဝေ ဆာဆာ ထွက်ပေါ်လာတော့မည်။**

* ဟောကွက် ပြောကွက်ကျသော တရားပုဒ်ပေါင်း မြောက်မြားစွာကို တစုတဝေး စုစည်းထားပါသည်။
* ဘယ်အလှူ ဘယ်တရားပွဲမှာဘဲ ဟောဟော ဟောကွက် ဆိုက်၍ နာကြားသူတိုင်းလည်း နှစ်ခြိုက်စေရပါမည်။
* တရား မဟော, စကားပြောမရှည် လိုရင်းအချက်တွေ ပြည့်ဝ၍ တရားသားကလည်း အကွက်စေ့လှပါသည်။
* ဂါထာ, စုဏ္ဏိယ, ပါဠိ, အနက်, အဓိပ္ပါယ် အဆန်းအညွန့်တွေ ရွေးချယ်၍၊ စကားချောပြေ၊ ဝတ္ထုသက်သေ ကောင်းကောင်း လင်္ကာ သံပေါက် ကဗျာပေါင်း မြောက်မြားစွာဖြင့် တရားစာတို့ ဂုဏ်အင်္ဂါကို စံတင်ကာ နမူနာထားလောက်အောင် လက်စွမ်းပြ ရေးသားထားပါသည်။
* သုတ်တရား, အဘိဓမ္မာတရား, ဝိပဿနာတရား ဟောလိုရာ တရားမျိုးစုံကို နေ့ပွဲ ညပွဲ ဆင်နွဲ၍ ဟောမကုန်အောင် စုံစုံလင်လင် ပြုစုထားပါသည်။

မျှော်ပါတော့ ပေါ်လာတော့မည်။

# ပညာရောင်ခြည် စာပေဌာနမှ

## ဆက်လက် ထွက်ပေါ်လာမည့်
## ပိဋကတ် သမိုင်းဝင် စာပေမွန်များ

## ပစ္စေကဗုဒ္ဓဝင်

(ဓမ္မာစရိယ ပါဠိပါရဂူ အရှင်ဣန္ဒာဘိဝံသ)

ပစ္စေကဗုဒ္ဓါ ဘုရားရှင်များနှင့် စပ်၍ သိစရာ, မှတ်စရာ, အတုယူစရာ, ချီးမွမ်းစရာ, လေးမြတ်စရာ, ကြည်ညိုစရာများကို တကြိမ်မျှ မထွက်ဘူးသေးသော စာပေသစ်အနေနှင့် ထူးထူးခြားခြား ထွက်ပေါ်လာပါတော့မည်။

## သံသရာနှင့် ဝိပဿနာ

(ဓမ္မာစရိယ ဂန္ထကာရက အရှင်ဣန္ဒကာဘိဝံသ)

သံသရာဆိုတာ ဘာလဲ?.... သံသရာ လည်တယ်ဆိုတာ ဘယ်လို လည်တာလဲ?.... သံသရာဆိုတာ ထွက်ပေါက် မရှိဘူးလား?....။

ဝိပဿနာဆိုတာ ဘယ်လိုလဲ? သံသရာနှင့် ဝိပဿနာ ဘယ်လို သက်ဆိုင်သလဲ? ဝိပဿနာကို သံသရာထွက်ပေါက်လို့ ဆိုမလား? စသည့်စသည် သိစရာ ကျင့်စရာ လိုက်နာစရာများ။

## ဝိဝဋ္ဋ လမ်းစဉ် ဝိပဿနာအထွဋ်တင် တရားစာ

(ဓမ္မာစရိယ ဂန္ထကာရက ညောင်လွန့်အရှင် သောဘိတာစာရ)

ညောင်လွန့်၏ သူ့လက်ရာကို အထူးဖော်ညွှန်းစရာလိုဒုံမတင်ပါ၊ သူ့ကျမ်းစာ သူ့အရေးအသား သူ့စာသွား သူ့အယူအဆများကို အားလုံးက လက်ခံနေကြပါပြီ။

ပဋ္ဌမပြန် အကြိုးတန်း ဆန်းနှင့်အလင်္ကာ တဘာသာ အတွက်
သောတုအရှင် စာသင်ပုဂ္ဂိုလ်တို့အား
အားသစ်ရှင်လန်း အောင်ပန်းကို ဆွတ်ခူးပေးနေသော-

စေတိယင်္ဂဏနှင့် အစိုးရဓမ္မာစရိယ

ပါဠိပါရဂူ

**အရှင် ဇနိန္ဒာဘိဝံသ ၏**

# ဓေယျဝတီ

# ဆန်း အလင်္ကာ ရောင်ခြည်

* နှစ်စဉ် ပဋ္ဌမပြန်စာမေးပွဲအမေးပုစ္ဆာများနှင့် တိုက်ရိုက်တိုးနေပြီ။
* ဆန်းအလင်္ကာ တဘာသာ အတွက်တော့ စိတ်ချလက်ချ အောင်မှတ်ရနိုင်ပါသည်။
* အကြိုးတန်း အောင်ပြီးရင် စာချတန်းအတွက်လဲ အားသစ်ဖြည့်ပေးပါသေးသည်။
* ဂဏ ရသ ဘာဝ ဝိဘာဝ အနုဘာဝ ခွဲနည်း ဘာဝါလင်္ကာရ ထုတ်နည်းတို့ကို ခရေစေ့တွင်းကျပြသလို အံဝင်ဂွင်ကျဖြစ်အောင် ဖော်ညွှန်းထားပါသည်။
* စာသင်စာချ နှစ်ဘက်ရ လက်စွဲထားသင့်သော ကျမ်းစာ ဖြစ်ပါသည်။

ကျမ်း ရင်း သုံး ကျမ်း

# ပါဠိတော် လင်း ရောင် ခြည်

☆

အရှင် အာစာရဝံသ (ဓမ္မာစရိယ)

ဓမ္မဒါန

အဖုံးရိုက် 'ဇမ္ဗူ့ရတနာပုံနှိပ်တိုက်'